မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၇ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်

မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့်အခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားရှိ နယ်မြေခံရဲတပ်ရင်းကွင်းပြင်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မီးရှို့ဖျက်ဆီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်၍ တက်ရောက်လာကြသော ဧည့်သည်တော်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်တို့က စက်ခလုတ်နှိပ်ကာ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်တို့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၆-၂၀၁၀

သထုံမြို့	သိမ်ဖြူမြို့
၄ ဒသမ ၄၅ လက်မ	၃ ဒသမ ၀၃ လက်မ
ကျိုက္ကမီမြို့	မုဒုံမြို့
၃ ဒသမ ၅၄ လက်မ	၂ ဒသမ ၉၉ လက်မ
ကျိုက်မရောမြို့	ဘီးလင်းမြို့
၃ ဒသမ ၀၅ လက်မ	၂ ဒသမ ၈၇ လက်မ

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၇ ရက်)

စက်မှုကဏ္ဍဖွံ့ဖြိုးရေး ပြည်ပသွင်းကုန်အစားထိုးပစ္စည်း တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေး တို့အပေါ်အခြေခံ၍ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ယခုအခါမော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများကို အသစ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ယင်းထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ဘက်ထရီခြောက်များ၊ ပြုပြင်ထိန်းသိမ်းရန် မလိုအပ်သည့် သက်တမ်းကြာရှည်ခံ ဘက်ထရီများ၊ မီးသီးအမျိုးမျိုးနှင့် တပ်ဆင်ထုတ်လုပ်နေသည့် ကွန်ထရော်လာနှင့် အင်ဗာတာများ ပြပွဲကို ဇွန်လ ၂၃ရက်နေ့က နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့သည်။

မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းက ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်အမျိုးမျိုးသည် အများပြည်သူများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းမော်တော်ယာဉ်များကို မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)နှင့် အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို) တို့မှ ထုတ်လုပ်ပေးလျက်ရှိသည်။

နေရောင်ခြည်စွမ်းအင်ဖြင့် ဆက်စပ်အသုံးပြုသည့် ပစ္စည်းများကို ဒေသအနှံ့ရှိ အများပြည်သူများအသုံးပြုနိုင်ရန် ရည်ရွယ်၍ နေရောင်ခြည်စွမ်းအင်သုံးစနစ်များကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ဒေသများအနေဖြင့် အန္တရာယ်ကင်းရှင်းစွာဖြင့် နေရောင်ခြည်စွမ်းအင်မှ အလင်းရောင်ကို ရယူသုံးစွဲနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိသည့် ပြည်သူများအနေဖြင့်လည်း နေရောင်ခြည်စွမ်းအင်စနစ်ကို ဖြည့်စွက်အသုံးပြုခြင်းအားဖြင့် ကုန်ကျစရိတ်သက်သာ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်သည်။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်သည့် စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ထုတ်ပြန်ခြင်းနှင့် ဆွဲဆောင်ခြင်း** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆:၅၀ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၇:၀၀ MRTV-4 သတင်း
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၉)
၈:၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖက်တဲ့စုံတွဲများ**
၉:၀၀ ချင်းပြည်နယ်မှ ရောင်စုံပန်းကလေးများအတွက် မြိုင်ပရဟိတ စာသင်တိုက်
၉:၁၅ ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
၉:၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၃၅ ပန်းတိုင်အထွက်တိုးစေဖို့… နွေနှမ်းစိုက်ကြစို့
၁၀:၅၀ Activities in the City (စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်သစ်ဖွင့်ပွဲ)
၁၁:၀၀ ဈေးဝယ်လမ်းညွှန် (PIXY နှင့် မိုးရာသီဖက်ရှင်)
၁၁:၂၀ Omega-3 fatty acids
၁၁:၃၅ ရန်ကုန်မြင်ကွင်းကျယ် (May International School Certificate Award Ceremony & Summer School Graduation Ceremony)
၁၁:၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ်သီဖွဲ့ဟန်နှင့် ရေနံ့သာစိုးလှိုင်၏သီဆိုဟန်)
၁၂:၂၀ ပတ္တရားကမ်းခြေ
၁၂:၃၅ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၁:၀၀ **ထုတ်ပြန်ခြင်းနှင့် ဆွဲဆောင်ခြင်း** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အစွဲအလမ်းကြီးတာကောင်းတယ်၊ အစွဲအလမ်းမကြီးတာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၉)
၄:၁၀ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၄:၂၅ ပန်းတိုင်အထွက်တိုးစေဖို့… နွေနှမ်းစိုက်ကြစို့
၄:၄၀ Activities in the City (စိန်နှင့်မြမွေ့ရာ ပရိဘောဂဆိုင်သစ်ဖွင့်ပွဲ)
၄:၅၀ ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
၅:၁၅ ချင်းပြည်နယ်မှ ရောင်စုံပန်းကလေးများအတွက် မြိုင်ပရဟိတ စာသင်တိုက်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၆:၄၅ ပတ္တရားကမ်းခြေ
၆:၅၅ ဈေးဝယ်လမ်းညွှန် (PIXY နှင့် မိုးရာသီဖက်ရှင်)
၇:၁၀ ဗီဒီယိုပြခန်း
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အစွဲအလမ်းကြီးတာကောင်းတယ်၊ အစွဲအလမ်းမကြီးတာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၉)
၁၀:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတနက်သန်တစ်ခေတ်သီဖွဲ့ဟန်နှင့် ရေနံ့သာစိုးလှိုင်၏သီဆိုဟန်)
၁၀:၂၅ Sports World (Sunday Special)
၁၀:၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နတ်ဖက်တဲ့စုံတွဲများ**
၁၁:၁၅ မောတို့မြေမှအံ့ဖွယ် ထူးခြားလိုဏ်ဂူများ
၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၂၄ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့အား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များ(**အပေါ်ပုံ**)က ပြပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ကြပြီး ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် လမိုင်းမြို့၌ ကျင်းပ

ရေး ဇွန် ၂၆

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်၂၃ရက် နံနက် ၈နာရီက လမိုင်းမြို့ နှစ်ကရင်ကျေးရွာ လမ်းသစ်၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအား ပျိုးပင်များ ပေးအပ်ပြီး(**ယာပုံ**)တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ မဟော်ဂနီ၊ သစ်မာ(ယူကလစ်)၊ အော်ရီရှား၊ ခရေ၊ ကံ့ကော်စသည့် ပျိုးပင်ပေါင်း ၁၃၀၅ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ ဆက်လက်ပြီး လမိုင်းမြို့တွင်းရှိ နှစ်ကရင်ကျေးရွာတွင် ကျေးရွာပိုင် သစ်မာ(ယူကလစ်) တစ်ဧကနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင် သစ်မာ(ယူကလစ်)အပင် ၂၀ စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဈေးကောက်ပွဲဆိုင်ရာသင်တန်း ပုသိမ်မြို့နယ်၌ဖွင့်

ပုသိမ် ဇွန် ၂၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကော်မရှင်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ဈေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၈နာရီက ပုသိမ်မြို့နယ် ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပုသိမ်ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးရဲဖေက ဈေးကောက်ပွဲဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပုသိမ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဈေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မျိုးသန့်၊အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သည့် ဦးစန်းငွေ၊ ဦးတင်စိုး၊ ဦးဇော်ဝင်းမြင့်၊ ဒေါ်သန်းသန်းဝေ၊ ဒေါ်မာလာဝင်းတို့က ဈေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် ရပ်ကွက်၊ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များကို ပို့ချပြီးနောက် မဲရုံတွင် ဆန္ဒမဲပေးမှုကို လက်တွေ့သရုပ်ပြသကာ ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက ဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာမှု
စိုက်ပျိုးရေးအယူအဆ သဘောတရားကို နိုင်ငံအလိုက် သတိထားဆောင်ရွက်

နေပြည်တော် ဇွန် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ စိုက်ပျိုးရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲ (9th Asia Pacific Agriculture Policy Forum) သို့ တက်ရောက်ရန် ဇွန် ၁၉ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးလွင်နှင့်အတူ ဇွန် ၂၀ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး H.E. Mr.Park Young Jum နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စူဝမ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန (Rural Development Administration-RDA) သို့ သွားရောက်ပြီး အုပ်ချုပ်ရေးမှူး Mr. Kim Jae Soo နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၏ စိုက်ပျိုးရေးပြတိုက်သို့ သွားရောက်လေ့လာပြီး မျိုးဗီဇဘဏ် (Gene Bank) သို့ ဆက်လက်သွားရောက်ကာ မျိုးဗီဇဘဏ်အတွင်း သီးနှံမျိုးများ၏ ဗီဇ၊ ဒီအင်န်အေအဆင့်ထိ သိုလှောင်ထားရှိမှု၊ အပင်မျိုးသစ်များ မျိုးစပ်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်များ၏ မျိုးဗီဇ၊ အဏုဇီဝဗီဇများ သိုလှောင်ထားရှိမှု၊ သီးနှံမျိုးစေ့၏ ဒီအင်န်အေများ သိုလှောင်ထားရှိမှု၊ နိုင်ငံတကာမှ စုဆောင်းရရှိသည့် သီးနှံမျိုးများကို သိမ်းဆည်းပြီး မျိုးစေ့ထုတ်ယူခြင်း၊ ပြန်လည်ထားသိုခြင်းတို့ကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံမှ ပေးပို့သော စပါးမျိုးများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ

ဝန်ကြီး ဦးဌေးဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ရက် နံနက်ပိုင်းတွင် ဆိုးလ်မြို့ Seoul Olympic Parktel ဟိုတယ် အေသင်ခန်းမ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် အာရှနှင့် ပစိဖိတ်ဒေသစိုက်ပျိုးရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၏ အထွေထွေ အတွင်းရေးမှူး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dr. Jikaun Huang က အဖွင့်အမှာစကားပြောကြားပြီး အာရှနှင့်ပစိဖိတ်ဒေသ စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲ သဘာပတိ ကိုရီးယားသမ္မတနိုင်ငံမှ Dr. Sang Mu Lee က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဦးဌေးဦးက ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် အခြေခံစားနပ်ရိက္ခာ ဈေးနှုန်းမြင့်မားမှု၊ သဘာဝစွမ်းအင်နှင့် ဓာတ်သတ္တု အရင်းအမြစ်များ လျော့နည်းလာမှု၊ ရာသီဥတု ပြောင်းလဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက် မြင့်မားလာမှုတို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးတွင် အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ ဦးစားပေးအဆင့်ထားရှိရန် လိုကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာခြင်းကို ဖြည့်ဆည်းပေးရန် စိုက်ပျိုးရေးအပေါ် ဖိအားပေးလာခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အမျိုးသားရေးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး အတွက် စိုက်ပျိုးရေး မူဝါဒသစ်များနှင့် နည်းဗျူဟာများကို ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး အယူအဆသဘောတရားကို နိုင်ငံအလိုက်၊ ဒေသအလိုက် သတိထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အထောက်အကူပြု

ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲသည် စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတု ပြောင်းလဲမှု၊ ဇီဝစက်သုံးဆီဖွံ့ဖြိုးမှု၊ ရေရရှိရေး လုံခြုံမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုနှင့်ဆိုင်သော မူဝါဒများ ချမှတ်နိုင်မည့် နည်းလမ်းများအား အမြင်ချင်း၊ အတွေ့အကြုံ ဗဟုသုတများ ဖလှယ်နိုင်သည့်အတွက် အာရှ၊ ပစိဖိတ်ဒေသတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်

စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP)မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေး အရာရှိချုပ် ဦးတင်ထွဋ်ဦးက ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ ခေတ္တရပ်နားချိန်တွင် ဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသော ပညာရှင်များနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆွေးနွေး

ဆက်လက်၍ ဆွေးနွေးပွဲတွင် တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့မှ စိုက်ပျိုးရေး ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာတက္ကသိုလ် ပါမောက္ခများက စားနပ်ရိက္ခာဖူလုံရေး၊ လောင်စာဆီနှင့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ရိုက်ခတ်မှုများ၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ဇီဝလောင်စာဆီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးအပေါ် ထိခိုက်မှုများ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် နောင်ဂူးဘိုင်အိုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၌ သီးနှံမျိုးစေ့ ထုတ်လုပ်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်ဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ **Seoul Olympic Parktel** တွင် ကျင်းပသည့် (၉)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၌ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အော်ရေးရှား၊ မဲဇလီ၊ ခါတော်မီ၊ ပိတောက်နှင့် ကံ့ကော်ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။

ပေးအပ်

ဆက်လက်၍ ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ် ဥပစာ၌ ကျင်းပသော ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို တာဝန်ရှိသူများထံပေးအပ်ကာ ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျိုင်းတုံလေယာဉ်ပြေးလမ်းတိုးချဲ့ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာက လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှု၊ လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့ရန် လျာထားဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က စီမံကိန်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ လေယာဉ်ပြေးလမ်းအခြေအနေနှင့် လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့ရန် လျာထားသည့် မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

ဗြိတိန်နိုင်ငံတွင် နှစ်စဉ်သွေးကင်ဆာ ဖြစ်ပွားသူ ၃၀၀၀ကျော်ရှိရာ ရေနွေးကြမ်း သောက်သုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဆက်လက်သုတေသနပြု

လက်ဖက်မှထွက်သော အဆီကို အသုံးပြုပြီး သုတေသီများက သွေးကင်ဆာဖြစ်ပွားနေသူများအတွက် ဆေးဝါးထုတ်လုပ်ရန်အထိ ဆက်လက်သုတေသနပြုလျက်ရှိကြောင်း သိရသည်။

အင်တာနက်

ကိုရီးယားဘာသာ ကျွမ်းကျင်မှုစာမေးပွဲ

ရန်ကုန် ဇွန် ၂၆

ကိုရီးယားသမ္မတနိုင်ငံသံရုံးကကြီးမှူး၍ (၁၉)ကြိမ်မြောက် ကိုရီးယားဘာသာ ကျွမ်းကျင်မှု Test of Proficiency in Korean (TOPIK) စာမေးပွဲများကို စက်တင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲမှ ညနေ၅နာရီခွဲအထိ ရန်ကုန်နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ကျင်းပ

ရန်ကုန်မြို့တွင် Myanmar Infotech နှင့် မန္တလေးမြို့တွင် Swan Hotel တို့၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ စာမေးပွဲကို Basic (Level 1,2), Intermediate(Level 3,4) နှင့် Advanced (Level 5,6) အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ထားသည်။

မေးမြန်းစုံစမ်းနိုင်

စာမေးပွဲတိုင်းတွင် Vocabulary Test, Grammar & Writing Test နှင့် Listening & Reading Test တို့ ပါဝင်မည်ဖြစ်သည်။ လျှောက်လွှာပုံစံများကို ၂၀၁၀ခုနှစ် ဇွန်၃၀ရက်မှစတင်၍ ကိုရီးယားသမ္မတနိုင်ငံသံရုံး အမှတ် ၉၇ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင်ရယူပြီး ဇူလိုင် ၁၄ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်ဖြစ်သည်။ စုံစမ်းမေးမြန်းလိုပါက ကိုရီးယား သမ္မတနိုင်ငံသံရုံး ဖုန်း- ၅၂၇၁၄၂မှ ၅၂၇၁၄၄ အထိသို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်
(၁၅) ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဧည့်သည်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်၏ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဆွေက ဖတ်ကြားတင်သွင်းသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ပြင်ပစာရင်းစစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ အဖွဲ့ဝင်သုံးဦးပါ စာရင်းစစ်ကော်မတီတို့အား ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပေးအပ်

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်က ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းနှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းများသို့ အလှူငွေကျပ်သိန်း ၃၀စီ ပေးအပ်ပြီး ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၁၆)
၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာရောင်စဉ်**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၄၇)
၁၄:၅၅ ၈။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ **နေရာ** ပြေဇင်၊ဖိုးတာ၊ နဒီဝင့်နိုင်၊ အောင်လွှမ်းအောင် (ဒါရိုက်တာ-အာယု)
၆:၅၀ ၁၁။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေး တေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) ဂျာမနီ နှင့် အင်္ဂလန်**
၂၀။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၅)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

၂၈-၆-၂၀၁၀ရက်

(သောကြာနေ့)

၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) အာဂျင်တီးနား နှင့် မက္ကဆီကို**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၆-၂၀၁၀)ရက်နေ့

၂၀၁၀ ခုနှစ် ဇူလိုင်လ အတွက်

(၁၁-၇-၂၀၁၀)ရက်နေ့ နှင့် (၂၅-၇-၂၀၁၀)ရက်နေ့

နှစ်နိုင်ငံဆက်ဆံရေးပြေလည်စေရန် အမေရိကန်နှင့် ရုရှားကြိုးပမ်း

နယူးယောက် ဇွန် ၂၆

အမေရိကန်သမ္မတ အိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ်တို့က နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုကြောင့် တစ်စတစ်စယိမ်းယိုင်ကျဆင်းနေသည့် ဆက်ဆံရေးပြေလည်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၅ရက်ကဖော်ပြသည်။

ရုရှားသမ္မတ မက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတ အိုဘားမား

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအကြား သဘောထားအမြင် ကွဲလွဲမှုရှိနေသည်ကို သမ္မတအိုဘားမားက အသိအမှတ်ပြုသော်လည်း ၎င်းနှင့် မက်ဗီဒက်ဗ်တို့အနေဖြင့် စီးပွားရေးနှင့် ပြဿနာအဝဝအပေါ် သဘောတူညီမှုများ ရှိသည်ဟု ပြောကြားသည်။

ထပ်လောင်းပြောကြား

အာဖဂန်နစ္စတန်၌ စစ်ဘက်ဆိုင်ရာ အကြီးအကဲ အပြောင်းအလဲဖြစ်ပြီးနောက် ယင်းနိုင်ငံနှင့်ပတ်သက်သည့် မူဝါဒမပြောင်းလဲဟုပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အိုးဘားမားက ထပ်လောင်းပြောကြားသည်။

ရုရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)သို့ ဝင်ရောက်မည့်လုပ်ရပ်ကိုထောက်ခံပြီး ရုရှားပါဝင်မှုကြောင့် အမေရိကန်နှင့် ရုရှားအပါအဝင် တစ်ကမ္ဘာလုံး၏ စီးပွားရေး ကောင်းမွန်လာနိုင်သည်ဟု အိုးဘားမားကပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များက မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်သစ် လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ဘရာဇီးသမ္မတ တက်ရောက်မည်

ဘရာဆီးလီးယား ဇွန် ၂၆

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက တိုရွန်တိုမြို့၌ ယခုရက်သတ္တပတ်တွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ဘရာဇီးနိုင်ငံ၏ စီးပွားရေးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ခိုင်မာသောအစီအစဉ်ဖော်ဆောင်ရာတွင် အခြားနိုင်ငံများက ဆက်လက်ပံ့ပိုးပေးကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ဇွန်၂၅ရက်တွင် ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာငွေကြေးအဖွဲ့ ပြုပြင်မှု တိုးမြှင့်ပြုလုပ်ရာတွင် ဘရာဇီးသမ္မတကကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘဏ္ဍာရေး ဈေးကွက် ဥပဒေများ နိုင်ငံတကာ စံချိန်မီရှိစေပြီး ခိုင်မာစေရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဒိုဟာ ဆွေးနွေးပွဲများ စောစီးစွာပြီးစီးရေးအတွက်လည်း လုပ်ဆောင်မည်ဖြစ်ကြောင်း ဆီးလ်ဗားက ဆက်လက်ပြောကြားသည်ဟု ပြောရေးဆိုခွင့်ရှိသူ ဘွမ်ဘက်ရှ်က ပြောကြားသည်။

(အင်တာနက်)

တရုတ်သမ္မတ၏ ကနေဒါခရီးစဉ် အောင်မြင်မှု ရလဒ်ကောင်းများရရှိ

အော့တဝါ ဇွန် ၂၆

တရုတ်သမ္မတ ဟူကျင်ထောင်း အနေဖြင့် ၎င်း၏ ကနေဒါနိုင်ငံ ခရီးစဉ်၌ ထူးခြားသော အောင်မြင်မှုရလဒ်များရရှိခဲ့သည်ဟု ဇွန်၂၅ရက်က ဆင်ဟွာသတင်းတွင် ထုတ်ပြန်ကြေညာသည်။

ကတိပြု

အဆိုပါခရီးစဉ်၌ သမ္မတ ဟူကျင်ထောင်းသည် အော့တဝါမြို့၌ ကနေဒါဝန်ကြီးချုပ် စတီဖင်နှင့်တွေ့ဆုံကာ မိတ်ဆွေဘက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းကို ထပ်လောင်းအတည်ပြုခြင်း၊ ၂၀၁၅ခုနှစ် အရောက်တွင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ တိုးမြှင့်ရရှိရေးကို ကတိပြုကြသည်။

ထို့ပြင် ကနေဒါ၌ တရုတ်ယဉ်ကျေးမှုစင်တာဖွင့်လှစ်ရန်နှင့် ပညာရေးဆိုင်ရာ အရာထမ်းများ၊ အလယ်တန်းနှင့်မူလတန်းကျောင်းအုပ် ၁၀၀ တို့ကို ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဖိတ်ခေါ်ရန်အပါအဝင် လာမည့်နှစ်အတွင်း ကနေဒါနိုင်ငံမှ အလယ်တန်းကျောင်းသား ကျောင်းသူ ၁၀၀တို့အား နွေရာသီသင်တန်းများ တက်ရောက်ရေး ဆောင်ရွက်မည်ဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အဓိကအားဖြင့် နှစ်နိုင်ငံအစိုးရဌာနများနှင့် စီးပွားရေးကဏ္ဍတွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်တုံပြည်နယ် ကျီနင်းမြို့ရှိ (၁၀)ကြိမ်မြောက် အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်ပစ္စည်းပြပွဲအတွင်း ပြသထားသည့် ကျောက်မီးသွေးတူးဖော်စက်ကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဂါဇာကမ်းမြောင်၌ အစ္စရေးလေကြောင်းမှ စီးနင်းတိုက်ခိုက်

တဲလ်အဗစ် ဇွန် ၂၆

အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်တွင် သုံးကြိမ် စီးနင်းတိုက်ခိုက်ရာ ပါလက်စတိုင်းတစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဇွန် ၂၅ရက်၌ ပြောကြားသည်။

တိုက်ခိုက်ခံရ

အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ယင်းတိုက်ခိုက်မှုမှန်ကန်ကြောင်း အတည်ပြုပြောကြားပြီး စီးနင်းတိုက်ခိုက်မှုသည် ပါလက်စတိုင်းက ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်မှုအား တန်ပြန်ခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ တော်ဝင်ဆေးရုံ ချဲလ်ဆီးယားရှေ့ မြက်ခင်းပြင်၌ ၂၀၁၀ခုနှစ် ဆင်ပြပွဲအထိမ်းအမှတ်ဖြင့် ထုလုပ်ထားသော ဆင်ရုပ်များကို ဇွန် ၂၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဟောင်ကောင်၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ၁၈ ရာခိုင်နှုန်း မြင့်တက်

ဟောင်ကောင် ဇွန် ၂၆

ပြည်ပကုမ္ပဏီ ၁၇၈ခုသည် ဟောင်ကောင်ဒေသ၌ ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပထမနှစ်ဝက်အတွင်း မြှုပ်နှံသို့တည်းမဟုတ် စီးပွားရေးလုပ်ငန်းတိုးချဲ့လျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၁၄သန်း အထိရှိသွားပြီး စောစောပိုင်းနှစ်ကထက် ၁၈ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုဌာန ညွှန်ကြားရေးမှူးချုပ်ဂယ်ပင်က ဇွန် ၂၂ရက်တွင် ပြောကြားလိုက်သည်။

ယင်းစီမံကိန်းများ ဖော်ဆောင်မှုကြောင့် ဟောင်ကောင်ဒေသတွင် လုပ်ငန်းအသစ် ၁၉၈၀ခန့် ပေါ်ပေါက်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

၂၀၁၀ ခုနှစ် ပထမနှစ်ဝက်အတွင်း အာရှပစိဖိတ်ဒေသ၏ ရင်းနှီးမြှုပ်နှံမှုသည် ၃၉ ရာခိုင်နှုန်း၊ ဥရောပမှ ၃၁ ရာခိုင်နှုန်းနှင့် မြောက်အမေရိကမှ ရင်းနှီးမြှုပ်နှံမှု ၂၄ ရာခိုင်နှုန်းဖြစ်သည်ဟု ဂယ်ပင်က ပြောကြားသည်။

အနာဂတ်ဈေးကွက် တိုးတက်ရေးအတွက်အထောက်အကူပြုရန် ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုဌာနက အိန္ဒိယနှင့် ရုရှားတို့မှ အတိုင်ပင်ခံများ ငှားရမ်းထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

အက်စ်ယူ-၃၀ အမ်ကေအိုင်တိုက်လေယာဉ်များ အိန္ဒိယလေတပ် ဝယ်ယူရန် စီစဉ်

မွန်ဘိုင်း ဇွန် ၂၆

အိန္ဒိယအစိုးရသည် အက်စ်ယူ-၃၀ အမ်ကေအိုင် တိုက်လေယာဉ် ၄၂ စင်းကို လာမည့်နှစ်များအတွင်း ဝယ်ယူသွားရန် စီစဉ်လျက်ရှိသည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဇွန် ၂၆ရက်တွင် ထုတ်လွှင့်သည်။

အဆိုပါ တိုက်လေယာဉ်ဝယ်ယူရေးအတွက် ယခုလ အစောပိုင်း၌ အိန္ဒိယလုံခြုံရေးဆိုင်ရာဝန်ကြီးအဖွဲ့ အစည်းအဝေးက အတည်ပြုပေးခဲ့သည်ဟုဆိုသည်။

ခန့်မှန်း

အိန္ဒိယလေတပ်အတွက် အက်စ်ယူ -၃၀ အမ်ကေအိုင် တိုက်လေယာဉ်များ ထုတ်လုပ်ရေးကို ရုရှားနှင့်အိန္ဒိယကုမ္ပဏီများက ပူးတွဲတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။ အက်စ်ယူ-၃၀ အမ်ကေအိုင် တိုက်လေယာဉ် ၄၂ စင်းကို အိန္ဒိယလေတပ်သို့ ၂၀၁၅ ခုနှစ်အတွင်း အရောက်ပေးပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မြောက်ပိုင်း၌ သုံးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘရာဇီး အလုပ်လက်မဲ့နှုန်း မေလအတွင်း ကျဆင်း

ရီယိုဒီဂျနေးရိုး ဇွန် ၂၆

ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် မေလအတွင်း၌ ၇ဒသမ ၅ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ၂၀၀၂ခုနှစ်မှစတင်ကာ အလုပ်လက်မဲ့ဖြစ်ပွားမှုသည် မေလအတွင်းတွင် အနိမ့်ဆုံးလျော့ကျခဲ့ခြင်းဖြစ်သည်ဟု စာရင်းအင်းရုံးက ဇွန် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

ရောက်ရှိ

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ၂၀၀၉ခုနှစ်မေလတွင် ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့ပမာဏသည် ၈ဒသမ ၈ရာခိုင်နှုန်း ရောက်ရှိခဲ့သည်ဟု ဆိုသည်။

မေလအတွင်းက ဘရာဇီးနိုင်ငံတစ်ဝန်းရှိ အလုပ်လက်မဲ့ဦးရေသည် ၁ဒသမ ၈သန်းရှိခဲ့ရာ ယခင်နှစ်အလားတူကာလကထက် ၁၃ဒသမ၄ရာခိုင်နှုန်း လျော့ကျခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နျူကလီးယားအစီအစဉ်နှင့် သံတမန်နည်းဖြင့် ဆွေးနွေးရန် ပင်လယ်ကွေ့ပူးပေါင်းရေးကောင်စီလိုလား

တီဟီရန် ဇွန် ၂၆

အီရန်နျူကလီးယား အကျပ်အတည်းကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်ဖြေရှင်းနိုင်သည်ဟု ပါရှန်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)က ယုံကြည်ကြောင်း ဘာရိန်းသတင်းဌာနက ဇွန်၂၅ရက်တွင် ဖော်ပြသည်။

အလေးပေး

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သံတမန်နည်းလမ်းကျကျ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်သည်ဟု ဂျီစီစီအဖွဲ့ဝင်နိုင်ငံများက အစဉ်တစိုက် အလေးပေးပြောကြားခဲ့ကြောင်း အယ်လ်-အက်တီယာက ထုတ်ဖော်ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အယ်လ်-အက်တီယာက ကူဝိတ်ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဆေလမ် ဘာရိန်းနိုင်ငံ၏မြို့တော်၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုမှု၏ အရေးပါပုံကို မိမိတို့ သိရှိယုံကြည်ကြောင်း၊ မိမိတို့အနေဖြင့် အဓိပ္ပာယ်နှစ်မျိုးဖြင့် ဆက်ဆံမှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း အယ်လ်-အက်တီယာက ထပ်လောင်းပြောကြားသည်။ ***(အင်တာနက်)***

ပီရူး၌ မြေပြို ငါးဦးသေဆုံး

လီမာ ဇွန် ၂၆

ပီရူးနိုင်ငံ လီမာမြို့အရှေ့ပိုင်း ကီလိုမီတာ ၁၀၀အကွာရှိ ဟူရီချီရီပြည်နယ် စန်မာကိုဒေသတောင်ခြေ၌ ဇွန် ၂၄ရက်ညပိုင်းက မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း အမျိုးသားကာကွယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

ကယ်ဆယ်

ကယ်ဆယ်ရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ အလုပ်သမားများက မြေပြိုကျမှုဖြစ်ပွားရာ၌ ရွှံ့နွံများဖယ်ရှားကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဘရာဇီးမြောက်ပိုင်း၌ မိုးသည်းထန် ရေလွှမ်း

ဘရာဇီးနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားပြီး သေဆုံးသူဦးရေမှာ ၅၁ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ပျောက်ဆုံးသူ ၇၆ဦးရှိကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ဇွန် ၂၆ရက်၌ ပြောကြားသည်။

လစ်ဗျားခေါင်းဆောင်နှင့် စပိန်ဝန်ကြီးချုပ်တို့ တွေ့ဆုံမည်

လစ်ဗျားခေါင်းဆောင် ကဒါဖီနှင့် စပိန်ဝန်ကြီးချုပ် ရိုဒရီကွတ်ဇ်တို့သည် ယခုနှစ်ကုန်တွင် ကျင်းပရန်စီစဉ်ထားသည့် အီးယူ-အာဖရိက ထိပ်သီးအစည်းအဝေး၌ သီးခြားတွေ့ဆုံဆွေးနွေးရန် ဇွန် ၂၆ရက်၌ သဘောတူညီခဲ့ကြကြောင်း သတင်းထုတ်ပြန်သည်။

မက္ကဆီကိုအနောက်တောင်ပိုင်းသို့ မုန်တိုင်းတိုက်ခတ်

မက္ကဆီကိုအနောက်တောင်ပိုင်း ကမ်းခြေသို့ဦးတည်ကာ ပစိဖိတ်သမုဒ္ဒရာမှ ဒါဘိုင်အမည်ရှိ ဟာရီကိန်းမုန်တိုင်းတစ်ခု တိုက်ခတ်သွားကြောင်း၊ ၎င်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၉၀နှုန်းဖြင့် တိုက်ခတ်သွားခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း မက္ကဆီကိုအရာရှိများက ဇွန် ၂၆ရက်၌ ပြောကြားသည်။

အဲချိုင်းနားလေကြောင်းက ဘိုးရင်းလေယာဉ်များဝယ်မည်

အဲချိုင်းနားလေကြောင်းလိုင်းသည် လေကြောင်းခရီးစဉ် တိုးချဲ့ပံ့သန်းရေးအတွက် ဘိုးရင်း ၇၇၇-၈၀၀ ဘိုးရင်းလေယာဉ်အစင်း ၂၀ကို အမေရိကန်ဒေါ်လာ ၁၃ဒသမ ၉ဘီလီယံ အကုန်အကျခံကာ ဝယ်ယူဖြည့်တင်းမည်ဖြစ်ကြောင်း ဇွန် ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား၌ ကမ်းခြေစောင့်တပ်ဖွဲ့ ထူထောင်မည်

အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေလုံခြုံရေးအတွက် လွတ်လပ်သော ကမ်းခြေစောင့်တပ်ဖွဲ့ကိုဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း၊ ယခုအခါ ကာကွယ်ရေးတပ်ဖွဲ့ထံမှလည်း ရေတပ်သင်္ဘောများငှားရမ်းပြီး သုံးစွဲနေရကြောင်း အင်ဒိုနီးရှား ကမ်းခြေစောင့်တပ်ဖွဲ့က ဇွန် ၂၅ရက်၌ ပြောကြားသည်။

၂၀၁၈ ခုနှစ်၌ ရုရှားက အာကာသယာဉ် တည်ဆောက်မည်

ရုရှားနိုင်ငံက နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်မည့် အာကာသယာဉ်များကို လာမည့် ၂၀၁၈ခုနှစ်မှစတင်ကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ဇွန် ၂၆ရက်၌ ပြောကြားသည်။

ဘုရင်ဟောင်းသီဟာနု ဗီယက်နမ်မှပြန်ရောက်ရှိ

ကမ္ဘောဒီးယားဘုရင်ဟောင်း သီဟာနုသည် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အဖြစ် လေးရက်ကြာသွားရောက်ပြီးနောက် ဇွန် ၂၆ရက်၌ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယား နျူအရာရှိ အမေရိကန်သို့ခရီးထွက်မည်

တောင်ကိုရီးယား နျူကလီးယားထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် စီဆောင်လက်သည် နျူကလီးယားကိစ္စရပ်များဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ ဇွန် ၂၈ရက်တွင် ခရီးထွက်ခွာမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

အရှေ့ဂျာဗား၌ မီးလောင်မှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆုရာဘာယာမြို့ ကော်ဖီဆိုင်တစ်ဆိုင်၌ ဇွန် ၂၆ရက်က မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း၊ မီးလောင်မှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။ *(အောက်ပုံ)*

(အင်တာနက်)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

မန္တလေး ဇွန် ၂၆

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၁၅ရက် ညနေ ၃နာရီက မန္တလေးတက္ကသိုလ် အင်းဝခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် ပြင်သစ်ဘာသာဌာန နည်းပြ ဦးသန့်ဇော်ဦးက ဆောင်ရွက်သည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဆက်လက်၍ မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးမောင်စိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် အလေးထားလိုက်နာကျင့်သုံးရမည့် ကိစ္စရပ်များကို Power Point Presentation ဖြင့် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ရှင်းလင်းဟောပြောသည်။

(နိုင်ငံခြားဘာသာတက္ကသိုလ်)

မိုးညှင်းစည်ပင်သာယာ မြို့သန့်ရှင်းရေးဆောင်ရွက်

မိုးညှင်း ဇွန် ၂၆

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းသည် ဇွန် ၁၀ရက်က မိုးရာသီ မြို့ပြ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ပိုင်စိမ်းလဲ့သာယာပန်းခြံတွင် မြေယာရှုခင်းများ၊ ကလေးကစားကွင်း၊ ရေကန်အလှဆောင်ရွက်မှုအခြေအနေများကိုကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပသော (၃၈)ကြိမ်မြောက် ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဦးဝမ်ထုံး-ဒေါ်ယဉ်ငွေး(အဆွေတော်ကားဂိတ်ပိုင်ရှင်)တို့၏သမီး ခြောက်ဘာသာဂုဏ်ထူးရှင် မဆုသင်းခိုင်အား ဒေါက်တာတင်ရွှေ စာပေဆုပိုင်ရှင် ဒေါ်အေးအေးသန်းက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ချောက်မြို့ သလုံးသွေးကျေးရွာအုပ်စု သလုံးသွေးကျေးရွာ စက်ရေတွင်း ရေထွက်နှုန်း ပိုမိုတိုးတက်စေရန် မိုနိုပန့်လဲလှယ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန်၂ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးသိန်းညွန့်ဟန်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းစွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်

သံတွဲ ဇွန် ၂၆

ရခိုင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအစီအစဉ်ဖြင့် သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင် ကွင်းဝန်ထမ်းများ ဝန်ထမ်းစွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ဇွန် ၅ရက် နံနက် ၈နာရီက သံတွဲခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်မန်နေဂျာ ဦးသိုင်းစိန်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

သင်တန်းသို့ သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်တို့မှ ကွင်းဝန်ထမ်း ၅၂ဦး တက်ရောက်ကြပြီး စပါး၊ ဆီထွက်နှံ၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် မျိုးစေ့လုပ်ငန်း၊ သီးနှံကာကွယ်ရေးလုပ်ငန်းစသည့် စိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲ

ရန်ကုန် ဇွန် ၂၆

နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့သော ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းဆင်း နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာ ကျောင်းသူကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပရန် စီစဉ်ထားသည်။ ဆရာကြီးဒေါက်တာအောင်ကြီး၊ ဆရာကြီးဦးမင်းဝန်၊ ဆရာကြီးဦးအယ်လင်ငွေး၊ ဆရာကြီးဒေါက်တာဝင်းသိန်း၊ ဆရာကြီးဦးသိန်းတန် အစရှိသော ပြည်တွင်းပြည်ပမှ ဆရာကြီး ဆရာမကြီး ၁၃၀ကျော်တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ အလှူငွေများ ပေးလှူရန်နှင့် အစီအစဉ်များကို ဦးစောလင်း(၁၉၇၁) ဖုန်း-၀၉-၂၁-၃၀၄၃၀၊ ဦးအောင်သိန်း(၁၉၇၂) ဖုန်း-၀၉-၅၀-၆၃၁၀၇၊ ဦးကိုကိုကြီး(၁၉၇၃) ဖုန်း-၀၉-၅၀-၁၀၃၈၆၊ ဦးမျိုးသန့်(၁၉၇၄) ဖုန်း-၀၉-၅၀-၀၈၄၀၈၊ ဒေါ်စန်းစန်း(၁၉၇၉) ဖုန်း-၀၁-၆၄၂၆၂၆၊ ဦးကျော်ဆန်း(၁၉၈၁) ဖုန်း-၀၉-၅၀၀၃၈၁၆၊ ဒေါ်ချိုချို(၁၉၈၃) ဖုန်း-၀၁-၆၄၂၈၉၆၊ ဒေါ်နုနုဝင်း(၁၉၈၄) ဖုန်း-၀၉-၅၀-၀၉၁၂၈နှင့် ဒေါ်ကြိုင်(၁၉၉၂) ဖုန်း-၀၉-၅၀-၁၈၁၁၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ ဇွန် ၁၉ရက်က ရန်ကုန်တိုင်း ဥက္ကံမြို့နယ် မိုးကုတ်ဝိပဿနာကျောင်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ ၁၉၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောစဉ်။ (ခရိုင်ကညန)

သစ်တောစိုက်ခင်း တစ်ကေစိုက်ပျိုးရန် သဲကုန်း၌တာဝန်ပေးအပ်

သဲကုန်း ဇွန် ၂၆

၂၀၁၀ခုနှစ် မိုးရာသီတွင် ပြည်ခရိုင် သဲကုန်းမြို့နယ် လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာ ယူကလစ်အပင် ၂၀၊ ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧက စိုက်ပျိုးရန် ကျေးရွာဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်ပွဲကို မေ ၃၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသော်နိုင်ဦးတို့က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာနှင့် ပျိုးပင်များကို ပေးအပ်သည်။

ယခုနှစ် မိုးရာသီတွင် သဲကုန်းမြို့နယ်ရှိ ကျေးရွာများ၌ ကျွန်းအပင် ၃၈၀၀၀နှင့် ယူကလစ်အပင် ၁၆၀၀၀ စုစုပေါင်းအပင် ၅၄၀၀၀ စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

27-6 (05).pmd 1 6/27/2010, 2:04 AM

အချိန်မနှောင်းမီ . . . .

ယနေ့ကမ္ဘာ့ပတ်ဝန်းကျင်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ ပြဿနာများအား ၂၀ရာစုနှစ် နှောင်းပိုင်းမှစတင်၍ ကမ္ဘာနှင့်တစ်ဝန်း အလေးပေး၍ ဆောင်ရွက်လာကြပါသည်။ ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကမ္ဘာကြီး၏ သက်တမ်းသည် နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့သည့်အားလျော်စွာ လူဦးရေတိုးပွားလာမှု၊ လူတို့၏စားဝတ်နေရေး၊ ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် လူနေမှုစနစ်ပုံစံတို့သည်လည်း သိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ထိုကဲ့သို့ လူနေမှုစနစ် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြေ၊ ရေ၊ လေနှင့်တကွ သဘာဝသယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားခဲ့ပါသည်။

ဤသို့ဖြင့် ကမ္ဘာကြီး၏ သဘာဝသယံဇာတအရင်းအမြစ်များ တဖြည်းဖြည်း ပြုန်းတီးလာခဲ့ပြီး ကမ္ဘာ့ပတ်ဝန်းကျင် ဖွဲ့စည်းမှုအခြေအနေများမှာလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခဲ့ပါသည်။ ယင်းကဲ့သို့ ယိုယွင်းပျက်စီးမှုများကြောင့် ယနေ့အချိန်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ပျက်စီးယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုအခြေအနေ

ကမ္ဘာ့လူဦးရေစုစုပေါင်းသည် ၁၈ရာစုခန့်တွင် သန်းပေါင်း ၁၀၀၀ခန့် ရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် သန်းပေါင်း ၆၀၀၀ ခန့်ထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် သန်းပေါင်း ၇၁၀၀ ခန့်နှင့် ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း ၈၉၁၀ ခန့်အထိ တိုးမြင့်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ မြို့ပေါ်လူနေဦးရေမှာ ၁၉၅၀ ပြည့်နှစ်များတွင် သန်းပေါင်း ၇၅၀ ခန့် (စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း)ရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် သန်းပေါင်း ၂၂၄၅ (စုစုပေါင်း၏ ၄၄ ရာခိုင်နှုန်း) သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် သန်းပေါင်း၂၈၅၀ ခန့် (စုစုပေါင်း၏ ၄၇ ဒသမ ၅ ရာခိုင်နှုန်း)သို့လည်းကောင်း တဖြည်းဖြည်း တိုးမြင့်လာခဲ့ပါသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ လူတို့၏ စားဝတ်နေရေး လိုအပ်ချက်များအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြပါသည်။ အကျိုးဆက်အားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေခဲ့ပြီး ပတ်ဝန်းကျင်အရည်အသွေး ကျဆင်းလာရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုဆိုင်ရာ ပြဿနာများအား ဖြေရှင်းရာတွင် လူဦးရေတိုးပွားမှုနှုန်းကို ထိန်းညှိရန် အထူးလိုအပ်လှပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကအကြောင်းရင်းမှာ မှန်လုံအိမ်ဓာတ်ငွေ့များ (Green House Gas-GHG) လေထုထဲတွင် များပြားလာသောကြောင့် ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက်(Kyoto Protocol) အရ ထုတ်လွှတ်မှုလျှော့ချရမည့် မှန်လုံအိမ်ဓာတ်ငွေ့ ခြောက်မျိုးမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်(CO_2)၊ မီသိန်း (CH_4)၊ နိုက်ထရပ်အောက်ဆိုဒ်(N_2O)၊ ဟိုက်ဒရိုဖလူရို ကာဗွန် (Hydro-Fluro-Carbon-HFCs)၊ ပါဖလူရိုကာဗွန် (Perfluro-carbon-PFCs)နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် (Sulphur hexafluoride-SF_6) တို့ ဖြစ်ပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များအနက် အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုအတွင်း အဆမတန်များပြားလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း ဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တန်ချိန် ၈ဒသမ၅၀ဘီလီယံတန်ခန့် ရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်တွင် တန်ချိန် ၁၃ဒသမ ၈၅ဘီလီယံသို့ လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် တန်ချိန် ၂၁ဒသမ ၂၅ဘီလံယံသို့ လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တန်ချိန် ၂၄ဒသမ ၃၆ဘီလီယံသို့ လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် တန်ချိန် ၃၂ဒသမ ၀၀ဘီလီယံသို့ လည်းကောင်း တိုးမြင့်လာခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ၄၆နှစ်ကာလအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လေးဆကျော် တိုးမြင့်လာခဲ့ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာများ (Fossil Fuel) ဖြစ်သည့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့များ လောင်ကျွမ်းရာမှ အများဆုံးထုတ်လွှတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသုံးပြုလျက်ရှိသော လူစီးကားနှင့် ကုန်တင်ကား စုစုပေါင်းဦးရေမှာ ၁၉၈၀ ပြည့်နှစ်တွင် သန်း ၂၈၀ ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၉၀၅ သန်းထိ တိုးပွားခဲ့ပါသည်။ နှစ်စဉ် ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုမှာ ၁၉၅၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၇၀ ဒသမ ၉ သန်းအထိ ထုတ်လုပ်ခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့သဘာဝဓာတ်ငွေ့ (Natural gas) သုံးစွဲမှုအခြေအနေမှာ ၁၉၇၈ ခုနှစ်တွင် ကုဗမီတာ ဘီလီယံသန်း ၁၃၀၀ ခန့် သုံးစွဲခဲ့ရာမှ၂၀၀၆ ခုနှစ်တွင် ကုဗမီတာ ဘီလီယံ ၂၈၅၀ အထိ တိုးမြင့်သုံးစွဲခဲ့ပါသည်။ ကမ္ဘာ့ရေနံ (Oil) သုံးစွဲမှုမှာ ၁၉၃၀ ပြည့်နှစ်တွင် တစ်နေ့ပျမ်းမျှရေနံစည် ၅ ဒသမ ၅၀ သန်း (တစ်နှစ်ရေနံစည် နှစ်ဘီလီယံ)သုံးစွဲခဲ့ရာမှ ၁၉၇၅ ခုနှစ်တွင် ရေနံစည် ၅၅ ဒသမ ၈၀ သန်း (တစ်နှစ်ရေနံစည် ၂၀ ဒသမ ၄ ဘီလီယံ)သို့ လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ရေနံစည် ၈၃ဒသမ ၇၃သန်း(တစ်နှစ်ရေနံစည် ၃၀ဒသမ ၆ ဘီလီယံ)သို့ တိုးချဲ့သုံးစွဲခဲ့ပါသည်။

ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုသည် ၁၉၉၄ ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၂၈၅၂ ဘီလီယံခန့်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၇၄၅၂ထိ တိုးမြင့်ထုတ်လုပ် သုံးစွဲခဲ့ပါသည်။ ထုတ်လုပ်သုံးစွဲမှု၏ သုံးပုံနှစ်ပုံခန့်မှာ ကျောက်မီးသွေးသုံး၍ လျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အများဆုံးထုတ်လွှတ်ပေးလျက်ရှိပါသည်။ စက်မှုလက်မှုနည်းပညာများ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စွမ်းအင်မြောက်မြားစွာ ပိုမိုသုံးစွဲလာရသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမှာလည်း ပိုမိုများပြားလာခဲ့ပြီး ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရုပ်ကြွင်းလောင်စာများအစား ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) အား အစားထိုးသုံးစွဲနိုင်ရန် လိုအပ်ပါသည်။

မောင်စိမ်းလန်း(သစ်တော)

ကမ္ဘာ့သစ်တောများအခြေအနေ

ဒုတိယအများဆုံး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်သည့် ရင်းမြစ်မှာ သစ်တောများ ပြုန်းတီးခြင်းကြောင့်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ သစ်တောပြုန်းတီးမှုမှာ နှစ်စဉ်တိုးမြင့်လာလျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုမှာ စတုရန်းကီလိုမီတာ ၈၃ ဒသမ ၄၈ သန်းခန့် ရှိပါသည်။ တွက်ချက်မှုများအရ ကမ္ဘာ့အပူပိုင်း သစ်တောများသည် ကာဗွန် ၅၅၃ ဘီလီယံတန်၊ သမပိုင်းသစ်တောများသည် ကာဗွန် ၂၉၂ ဘီလီယံတန်နှင့် ဘိုရီရယ်သစ်တောများသည် ကာဗွန် ၃၉၅ ဘီလီယံတန် စုပ်ယူသိုလှောင်ထားပါသည်။ ကမ္ဘာ့သစ်တောများမှ ကာဗွန်စုပ်ယူသိုလှောင်ထားရှိမှု စုစုပေါင်း ပမာဏမှာ ဘီလီယံတန် ၁၂၄၀ ရှိပါသည်။ သစ်တောများတည်ရှိနေခြင်းသည် ကမ္ဘာ့လေထုအတွင်း ထုတ်လွှတ်လျက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၏ ၂၀ မှ ၂၃ ရာခိုင်နှုန်းထိ စုပ်ယူသိုလှောင်ထားနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုအား အတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းပေးပါသည်။

သစ်တောသစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ပေးပြီး အောက်စီဂျင်ဓာတ်ငွေ့အား ထုတ်လုပ်ပေးသဖြင့် ကမ္ဘာ့ရာသီဥတုမျှတစေမှုကို များစွာအထောက်အကူပြုပါသည်။ ကမ္ဘာမြေတွင် သစ်တောများတည်ရှိမှုသည် လူသားများအသက်ရှင်နေထိုင်မှုနှင့် သစ်တောအတွင်း မှီတင်းနေထိုင်ကြသော တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲတို့ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေစေရန် အဓိကအကျိုးပြု အထောက်အပံ့ပေးလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးမှုနှင့်ရာသီဥတုပြောင်းလဲမှုအား ကုစားရန် သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သဘာဝဘေးအန္တရာယ်များနှင့် ဆုံးရှုံးမှုများ

ရာသီဥတုပြောင်းလဲလာမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကပြဿနာတစ်ရပ်မှာ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် မကြာခဏ ရင်ဆိုင်နေရခြင်းပင်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် ဆင်းရဲချမ်းသာမရွေး ကမ္ဘာ့အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် နေရာဒေသမရွေး ကျရောက်လျက်ရှိပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဆင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Panel on Climate Change- IPCC) ၏ အစီရင်ခံစာအရ ၂၀ရာစုနှစ်အတွင်း ကမ္ဘာကြီး၏ အပူချိန်သည် သုည ဒသမ ၆˚C (၁ ဒသမ၀ ˚F)တိုးမြင့်လာသည်ဟု ဆိုပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှု အချိုးအစားမှာလည်း သုည ဒသမ ၀၃၅ မှ သုည ဒသမ ၀၅၅ ရာခိုင်နှုန်းအထိ တိုးလာကြောင်းတွေ့ရှိရပါသည်။ သိပ္ပံပညာရှင်များက လူ၊ သတ္တဝါတို့ အသက်ရှင်နေထိုင်နိုင်ရန်အတွက် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ရှိသင့်သည့်ပမာဏမှာ ၀ ဒသမ ၀၃၅ ရာခိုင်နှုန်းသာ ရှိသင့်သည်ဟု ဆိုပါသည်။ IPCC ၏ တိုင်းတာချက်များအရ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏမှာ ၃၆၉ parts per million (PPM) ရှိခဲ့ရာမှ ၂၁ ရာစုကုန်ဆုံးချိန်တွင် ၅၄၀ PPM မှ ၉၇၀ PPM အထိ အချိုးအစားအားဖြင့် ၀ ဒသမ ၀၃၅ မှ ၀ ဒသမ ၀၆၃ အထိ ၈၀ ရာခိုင်နှုန်းခန့် တိုးမြင့်လာမည်ဖြစ်ရာ ကမ္ဘာ့အပူချိန်မှာလည်း ၁ ဒသမ ၄˚C မှ ၅ ဒသမ ၈˚C (၂ ဒသမ ၅˚F မှ ၁၀ ဒသမ ၄˚F)အထိ တိုးမြင့်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာကြီး၏ အပူချိန်တိုးမြင့်လာမှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မှာ ၉ စင်တီမီတာမှ ၈၈ စင်တီမီတာအထိ (၃ ဒသမ ၅ လက်မမှ ၃၄ ဒသမ ၃ လက်မ)အထိ တိုးမြင့်လာဖွယ်ရှိကြောင်း သိရပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူလှိုင်းများ ကျရောက်မှုသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင်ပါသည်။ ၁၉၉၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ချီကာဂိုနှင့် အီလီနွိုက်ပြည်နယ်များတွင် ငါးရက်ဆက်တိုက် အပူချိန် ၆˚C (၁၀˚F) အထိ တိုးမြင့်လာခဲ့သဖြင့် လူဦးရေ ၇၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပါသည်။ ဥရောပတိုက်တွင် ၂၀၀၃ ခုနှစ်အတွင်း ကျရောက်ခဲ့သည့် အပူလှိုင်းဒဏ်ကြောင့် လူဦးရေ ၃၅၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရပါသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကြောင့် ပြင်းထန်သော ဟာရီကိန်းမုန်တိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ တိုင်ဖွန်းမုန်တိုင်းများ ဖြစ်ပေါ်လာ၍ အသက်အိုးအိမ်စည်းစိမ် မြောက်မြားစွာ ပျက်စီးပြီး ဆုံးရှုံးခဲ့ရပါသည်။ ၁၉၉၁ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူဦးရေ ၁၃၉၀၀၀ ခန့် သေဆုံးခဲ့ကြရပါသည်။ ၁၉၉၁ ခုနှစ်တွင်ပင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၇၀၀၀ကျော် သေဆုံးခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံသည် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှု မကြာခဏခံရပြီး နှစ်စဉ် သေဆုံးသူဦးရေ ၅၀၀ မှ ၁၀၀၀ ခန့်အတွင်း ရှိပါသည်။ ၁၉၉၉ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အိန္ဒိယနိုင်ငံတွင် လူပေါင်း ၁၀၀၀၀ ခန့် သေဆုံးခဲ့ရပါသည်။

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပါသည်။ ၁၉၉၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် ဟွန်ဒူးရပ်စ်၊ နီကာရာဂွါ၊ ဂွါတီမာလာနှင့် အယ်လ်ဆာဗေးဒိုးနိုင်ငံများတွင် လူပေါင်း ၁၀၈၆၆ ဦး သေဆုံးခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှာပင် မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ လူစီယားနား၊ မစ္စစ္စပီ၊ ဖလော်ရီဒါ၊ အယ်လ်ဘားမားနှင့် ဂျော်ဂျီယာပြည်နယ်များတွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၂၈၃၆ ဦး သေဆုံးခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော ဆူနာမီ ဒီရေလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စုစုပေါင်း သေဆုံးဦးရေ ၂၂၆၀၀၀ ကျော်ရှိခဲ့သဖြင့် အာရှတွင် ကြီးမားသော ဘေးကပ်ကြီးတစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားမြောက်ပိုင်း၌ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် သေဆုံးသူဦးရေ သိန်း ၂၀၀၀၀၀ ခန့်ထိ ရှိခဲ့ပါသည်။

လူနှင့်သတ္တဝါများ အသက်ရှင်နေထိုင်နိုင်ရန် လေနှင့်ရေသည် မရှိမဖြစ်လိုအပ်သည့် သဘာဝသယံဇာတများ ဖြစ်ပါသည်။ ၂၀၀၄ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ စုစုပေါင်း ရေကောင်းရေသန့် (FreshWater) ရရှိနိုင်မှု ပမာဏမှာ ကုဗမီတာ ၄၃၅၀၇ ဘီလီယံခန့် ရှိပါသည်။ သစ်တောများပြုန်းတီးမှု၊ ကမ္ဘာကြီးပူနွေးလာမှုများကြောင့် ရေကောင်းရေသန့် ရရှိနိုင်မှုအခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာလျက် ရှိပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ရေဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် သောက်သုံးရေအတွက် ရေကောင်းရေသန့် မရရှိသည့် လူဦးရေစုစုပေါင်းမှာ သန်း ၁၀၃၀ ခန့်ရှိနေပြီး အရှေ့အာရှဒေသတွင် သန်း ၄၁၀ ခန့်၊ အာဖရိကတွင် ၃၂၅ သန်းခန့်၊ အရှေ့နှင့် အလယ်ပိုင်း ဥရောပတွင် သန်း ၄၀ ခန့်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ၃၅ သန်းခန့် အသီးသီးရှိပါသည်။ ယနေ့အချိန်တွင်ပင် စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ကမ္ဘာ့မြစ်ကြီးများမှ ထောက်ပံ့ပေးနိုင်သော ရေပမာဏထက် ၂၀ရာခိုင်နှုန်း လိုအပ်လျက်ရှိပြီး ၂၀၂၀ခုနှစ်တွင် ရေလိုအပ်ချက်မှာ ၄၀ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

သဘာဝဘေးအန္တရာယ်ကြီးများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကမ္ဘာသူ၊ ကမ္ဘာသား သိန်းနှင့်ချီ၍ သေဆုံးခဲ့ကြရပြီး လူနေအိမ်ခြေ၊ မြေယာ၊ အခြားစီးပွားရေးအဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများနှင့် ရာသီဥတုအား ထိန်းညှိပေးသည့် သစ်တောကြီးများ ပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးရသည့် တန်ဖိုးများမှာ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ဒေါ်လာ ၃၉၀ ဘီလီယံခန့်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒေါ်လာ ၄၀၀ ဘီလီယံခန့်ရှိသည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားပါသည်။ အထူးသဖြင့် ၂၀ရာစုနှစ် နောက်ပိုင်းကာလများနှင့် ၂၁ရာစုနှစ် အစောပိုင်းအချိန်ကာလများတွင် ကမ္ဘာသူ၊ ကမ္ဘာသားများအနေဖြင့် ပိုမိုဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင် ဒေါ်လာ ၁၄၅ ဘီလီယံခန့်နှင့် ၂၀၀၅ ခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း စီးပွားရေးပညာရှင်များက ဆိုပါသည်။

သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့အား ကာကွယ်တားဆီးပေးနိုင်သည့် အဓိကလုပ်ငန်းစဉ်များမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ အလျင်အမြန် လျှော့ချရေးနှင့် ကမ္ဘာ့သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးတို့ ဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအား သိုလှောင်ထားခြင်းနှင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းထားခြင်းတို့သည် သစ်တောများမှရရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်နှစ်ရပ် ဖြစ်ပါသည်။

သစ်တောများသည် လေထုအပူချိန်ကို များစွာလျော့ကျစေခြင်း၊ မြေဆီလွှာပြုန်းတီးမှု လျော့ကျစေခြင်း၊ သန့်ရှင်းသော ရေအရင်းအမြစ်ရရှိစေခြင်း၊ သဲကန္တာရများ ဖြစ်ပေါ်မှုအား တားဆီးပေးခြင်း၊ ကမ်းရိုးတန်းဒေသများ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် အကျိုးတရားများအား သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ သစ်တောများအား မှန်ကန်စွာ စနစ်တကျ စီမံအုပ်ချုပ်ပါက စဉ်ဆက်မပြတ် ဝင်ငွေရရှိ၍ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်ပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက်များအား အခြေခံလျက် မြန်မာ့သစ်တောမူဝါဒနှင့်အညီ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

27-6 (06).pmd 1 6/27/2010, 2:04 AM

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ကောင်းခြင်းဝေဖြာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၂၀)
၁၂း၃၀ ၅။ Golf Magazine (TV)
၁၂း၅၀ ၆။ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲနှင့် ပဒေသာကပွဲ
၁၄း၃၀ ၇။ မြေဆီစိုခိုက် သစ်ပင်စိုက်စို့ လူတိုင်းပါဝင်ဆောင်ရွက်စို့
၁၄း၄၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
၁၄း၅၅ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၁၅ ၃။ အတီးပြိုင်ပွဲ
၄း၂၀ ၄။ တေးဂီတအစီအစဉ်
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၇။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၄)
၅း၀၀ ၈။ Football Planet (၂၀၁၀ကမ္ဘာ့ဖလားဘောလုံး ပွဲကြိုသုံးသပ်ချက်)
၅း၂၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် **Bugs Adventures** (အပိုင်း-၁၇)
၆း၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **ဟန်ဆောင်ကောင်းသူ** ရန်နိုင်၊ မေ (ဒါရိုက်တာ-မေတင်၊ MMG)
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၆)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ထာဝရတို့မြေအလှ** (ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ်၊ မိုးသောက်ပန်း)
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၇)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၂၀)
၂၁။ ရုပ်သံကြယ်ပွင့်များ

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ်ထွက်ပြီ

ရန်ကုန် ဇွန် ၂၆

ယခုအပတ်ထုတ် ဂျာနယ်တွင် ပုလဲကွန်ဒို၌ မီးလောင်မှုဖြစ်ပွား၊ ဖော့ကန်ရပ်ကွက်လည်း မီးလောင်၊ ကွန်တိန်နာယာဉ်ကြီးများ သီးသန့်လမ်းမှသာ မောင်းနှင်ရမည်၊ မြို့တွင်းလမ်းများပေါ် ညအိပ်ရပ်နားက အရေးယူမည်၊ လိုင်စင်မလုပ်ထားသည့် သက်တမ်းကုန် ယာယီနံပါတ်ယာဉ်နှင့်လေလံယာဉ်များကို အရေးယူပြီ၊ တားမြစ်နယ်မြေ ဆိုင်ကယ်စီးက သတင်းပို့သူ ဆုငွေကျပ် ၁၀၀၀၀ချီးမြှင့်မည်၊ ဆရာမတစ်ဦးကိုသတ် ရွှေငွေသိန်း ၆၀ဖိုးယူသွား၊ ကြက်မတစ်ကောင် ၄ကပ်ပျောသီး သဏ္ဌာန်ကြက်ဥ ၃၊ ၂၂လက်မအရွယ် နှစ်နှစ်သမီးလေး၊ မန္တလေးမြို့ ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါ်လာသော်လည်း လမ်းဘေးဆိုင်များ အလုပ်ဖြစ်ဆဲ၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဝယ်သူကို လက်ဆောင်ပေးပြီး ဆွဲဆောင်နေကြ၊ အဆိုတော်ဟဲလေး၏ဇနီး သားဦးလေးမွေးပြီ၊ မန်းမြို့ ရွှေကျင်နိကာယ နှစ်(၁၅၀)အထိမ်းအမှတ်ကျောင်းတိုက်ကြီးတည်ဆောက် ခြောက်လအတွင်းပြီးမည်ဟုမှန်း၊ မန်း(စည်ပင်)မှ အော်ဂဲနစ်သဘာဝဓာတ်မြေဩဇာ စျေးချိုချိုနှင့် ရောင်းချ၊ သဘာဝမဟုတ်လျှင် လူကိုအန္တရာယ်ဖြစ်စေသည့် အသီးအနှံများ မစားသင့်၊ ငါးသိန်းတန် CDMA ဖုန်းများ မိုဘိုင်းလ်ဖုန်းအဖြစ် ရွှေ့ပြောင်းကိုင်ဆောင်နိုင်၊ ဇင်ယော်နီပေးသည့် နေ့တိုင်း ကံထူးမည့်နည်း၊ အသုံးအနှုန်းများမှာ မင်္ဂလာရှိတဲ့စကားများဖြစ်သင့်သော မြန်မာစကားလုံးများ၊ ကုန်တန်ချိန် တစ်သောင်းတင်ဆောင်နိုင်သော ပင်လယ်ကူးသင်္ဘော အလုံသင်္ဘောကျင်းတွင် တည်ဆောက်ရန်ညှိနှိုင်း၊ ဂျာနယ်ကျော်မမလေး၏အမေ၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်ဇာတ်လမ်း၊ ထက်ထက်မိုးဦး စင်ကာပူသွားမည်၊ သင်ဇာဝင့်ကျော်လည်းပါ၊ နေတိုးနှင့် အုဝဲမြေးအဘွားဖြစ်သွားခဲ့၊ ၂၀၁၀ နှစ်ဝက်မှာ ကြည့်ကြရမည့် ကိုရီးယားဇာတ်လမ်းတွဲများ၊ လီဂျွန်ကီစစ်မှုထမ်းဖို့သွားပြီ၊ ဘာသာခြားစာလေ့လာသူများအတွက် တရုတ်စာ၊ ဩစတြေးလျမှာ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အရွေးခံရ၊ သမ္မတ အိုဘားမား အာဖဂန်မှ အမေရိကန်တပ်မှူးကိုထုတ်၊ အမေရိကန် အီရန်ဆက်ဆံရေး မယုံကြည်မှုတွေနက်ရှိုင်း... စသဖြင့် မြန်မာသတင်း၊ ကမ္ဘာ့သတင်းများကို မှန်ကန်စွာ တင်ပြနေသော News Watch (စောင့်ကြည့်ဂျာနယ်) အတွဲ ၅၊ အမှတ်၄၈ ထွက်ရှိနေပြီ ဖြစ်သည်။ **(သတင်းစဉ်)**

Chariot Micro Bus (a) MPV မော်တော်ယာဉ်များ တပ်မတော်ခန်းမ၌ ပြသရောင်းချလျက်ရှိ

ရန်ကုန် ဇွန် ၂၆

ဇွန် ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသော Auto Mobile & Living Products Show ပြပွဲတွင် ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက်က Chariot Micro Bus (a) MPV မော်တော်ယာဉ်အမျိုးအစားများကို သက်သာသည့် အထူးစျေးနှုန်းများဖြင့် ပြသရောင်းချလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကြိုက်နှစ်သက်

အဆိုပါမော်တော်ယာဉ်များကို Japan Mitsubishi Motor Co.,Ltd.၏ Brand New Engine၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများကို အသုံးပြုပြီး ပြည်တွင်းတွင် နိုင်ငံတကာအဆင့်မီထုတ်လုပ်ထားကြောင်း၊ မော်တော်ယာဉ်အမျိုးအစားများကို အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်ထားပြီး Grade I အမျိုးအစားကို ကျပ်သိန်း၆၃၀၊ Grade II အမျိုးအစားကို ကျပ်သိန်း ၅၈၀နှင့် Grade III အမျိုးအစားကို ကျပ်သိန်း၅၃၀သတ်မှတ်ထားကြောင်း၊ ပြပွဲရက်များအတွင်း အထူးသက်သာသည့် နှုန်းထားများအပြင် ဖျော်ဖြေပွဲများလည်းရှိကြောင်း၊ ပြပွဲစတင်ဖွင့်လှစ်သည့်နေ့မှာပင် လာရောက်ကြည့်ရှု ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း၊ မော်တော်ယာဉ်ဝယ်ယူ အားပေးသူများအနေဖြင့် Brand New ဖြစ်ခြင်း၊ ဘယ်မောင်းဖြစ်ခြင်း၊ ပြည်တွင်းမှ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားခြင်း၊ စျေးနှုန်းသက်သာခြင်း၊ ဒီဇိုင်းပုံစံကောင်းခြင်းတို့ကြောင့် ကြိုက်နှစ်သက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

သဘာဝတောများ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းစသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား နှစ်၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိပါသည်။ အမြဲတမ်း သစ်တောနယ်မြေ (Permanent Forest Estate) များ တိုးချဲ့လျက်ရှိရာ ယနေ့အချိန်အထိ ၇၀၉၅၄ ဒသမ ၅၇ စတုရန်းကီလိုမီတာရှိပြီး နိုင်ငံစုစုပေါင်းဧရိယာ၏ ၂၇ ဒသမ၁၆ ရာခိုင်နှုန်းအထိ သတ်မှတ်ပြီးဖြစ်ပါသည်။ သဘာဝထိန်းနယ်မြေ (Protected Areas) ဧရိယာသည်လည်း ၄၅၀၂၈ဒသမ၂၇ စတုရန်းကီလိုမီတာရှိပြီး နိုင်ငံဧရိယာ၏ ၅ဒသမ၅၆ ရာခိုင်နှုန်း ရှိနေပြီဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းရှိ ဒီရေတောများပြန်လည်ထူထောင်ရေးလုပ်ငန်းများအပါအဝင် သဘာဝသစ်တောအမျိုးမျိုး၌ အဆင့်အတန်းလျော့ကျနေသော သစ်တောများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ တန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောပြုန်းတီးနေသောတောများတွင်လည်း သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက်ရှိပါသည်။ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဟူ၍ စိုက်ခင်းအမျိုးအစားများခွဲခြားလျက် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထု၏အခြေခံလိုအပ်ချက် ဖြည့်ဆည်းရေးရည်ရွယ်ချက်၊ ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

နှစ်စဉ်သစ်တောစိုက်ခင်းတည်ထောင်နှုန်းမှာ ဟက်တာ ၃၀၀၀၀ ကျော်ရှိပြီး ၂၀၀၉ခုနှစ်အကုန်အထိ သစ်တောစိုက်ခင်းဧရိယာ ၈၃၈၆၄၂ ဟက်တာ စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ၂၀၀၆ခုနှစ်မှစတင်၍ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအားခွင့်ပြုခဲ့ရာ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၄၉၈၀၉ ဟက်တာ ၁၂၃၀၂၉ ဧက၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၄၅၄၆ ဟက်တာ ၃၅၉၂၈ဧက တည်ထောင်ပြီးဖြစ်ပါသည်။ ယင်းစိုက်ခင်းများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု၏အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံမျှသာမက သဘာဝတောများ ပြုန်းတီးမှုနှုန်း ကျဆင်းသွားစေရန် အထောက်အပံ့ပြုလျက်ရှိပါသည်။

သစ်တောစိုက်ခင်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အကျိုးပြုလျက်ရှိရာ လေ့လာမှုများအရ ကျွန်းစိုက်ခင်းများသည် တစ်ဟက်တာလျှင် နှစ်စဉ်ပျမ်းမျှ ကာဗွန် ၄ ဒသမ၅ မှ ၁၀ဒသမ၉ တန်အထိလည်းကောင်း၊ သစ်မာစိုက်ခင်းများဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ သင်းဝင်၊ ယမနေ၊ ယင်းမာ၊ ထောက်ကြံ့စိုက်ခင်းများသည် တစ်ဟက်တာလျှင် နှစ်စဉ်ပျမ်းမျှ ကာဗွန် ၃ ဒသမ ၉ မှ ၅ဒသမ ၉တန်အထိလည်းကောင်း စုပ်ယူသိုလှောင်နိုင်စွမ်းရှိပါသည်။

သစ်တောဦးစီးဌာနသည် ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပြည်သူများကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်စေရန်ရည်ရွယ်လျက် ကျေးလက်အိမ်ရာထူထောင်ရေးစိုက်ခင်းများကို နိုင်ငံနှင့်တစ်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုပေါင်း ၁၁၆၅၀၈၉အတွက် တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် ၃၅၄၄၈၂၃ပင်၊ အိမ်ထောင်စုပေါင်း ၃၀၆၅၂၅အတွက် တစ်အိမ်ထောင်သစ်မာ(ယူကလစ်) အပင်၂၀ နှုန်းဖြင့် အပင် ၆၂၁၇၅၉၀ စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်သော စီးပွားရေးစိုက်ခင်းများ၏ တစ်ဧကစိုက်ပင် ပမာဏမှာ အပင်၅၄၀ ဖြစ်သဖြင့် တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်သည် သစ်တောစိုက်ခင်း ၆၅၆၅ ဧက တည်ထောင်စိုက်ပျိုးသည်နှင့် ညီမျှပါသည်။

တစ်အိမ်ထောင်သစ်မာ(ယူကလစ်)အပင် ၂၀နှုန်းဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်သည် သစ်တောစိုက်ခင်း၁၁၅၁၄ဧက တည်ထောင်စိုက်ပျိုးသည်နှင့် ညီမျှပါသည်။ ထို့အပြင် ကျေးရွာပေါင်း၃၈၃၂အတွက် ကျေးရွာတစ်ရွာ သစ်တောစိုက်ခင်းတစ်ဧကနှုန်းဖြင့် စိုက်ခင်း၃၈၃၂ ဧက ၂၁၀၅၄၀၆ပင် စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါသည်။ တစ်နည်းအားဖြင့် သစ်တောဦးစီးဌာန၏ ပံ့ပိုးကူညီမှု၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ကျေးလက်အိမ်ရာထူထောင်ရေး စိုက်ခင်း၂၁၉၁၁ (ဧက၈၈၇၁ဟက်တာ) အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပါသည်။

သစ်တောစိုက်ခင်းများ အောင်မြင်စွာတည်ထောင်နိုင်သကဲ့သို့ စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းရန်လည်း လိုအပ်ပါသည်။ နှစ်စဉ်စိုက်ပျိုးရန်လည်း လိုအပ်ပါသည်။ ကျေးလက်နှင့် မြို့ပြဒေသနေပြည်သူများအားလုံး၊ ကျေးရွာများအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်လျက် စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သစ်တောဦးစီးဌာနမှဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်အိမ်ရာထူထောင်ရေးစိုက်ခင်းစီမံချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးကြရန်လည်း လိုအပ်ပါသည်။ မိမိ၏မွေးနေ့၊ မိမိ၏ချစ်သူခင်သူများမွေးနေ့၊ ဘဝအမှတ်တရနေ့၊ နှစ်သစ်ကူးနေ့၊ သစ်ပင်စိုက်ပျိုးရေးနေ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း အလေ့အထများ ဖွံ့ဖြိုးစေရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကုသိုလ်ယူကြသည့် အလေ့အထများ ပြည်သူများအကြား ကျယ်ပြန့်စွာပျံ့နှံ့စေရန် စည်းရုံးကြရမည် ဖြစ်ပါသည်။

အချိန်မနှောင်းမီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းများဖြစ်ပါသည်။ လူတစ်ဦး၊ မိသားစုတစ်စု၊ စီးပွားရေးကုမ္ပဏီတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ အထိန်းအကွပ်မရှိ ထုတ်လွှတ်နေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် နယ်စည်းမခြားဘဲ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့အကျုံးဝင်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ယိုယွင်းမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များသည်လည်း ကမ္ဘာ့နေရာ ဒေသအသီးသီးတွင် အချိန်မရွေးကျရောက်လျက်ရှိပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းတွင်တာဝန်ရှိပါသည်။ စီမံကိန်းအဆင့်၊ အမျိုးသားအဆင့်မှသည် ဒေသတွင်းအဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်အထိ ရည်မှန်းချက်များထားကာ အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ လက်ရှိရင်ဆိုင်နေကြရသော ရာသီဥတု ပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအား ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ''လှိုင်းကြီး လှေအောက်၊ တောင်ကြီးဖဝါးအောက်''ဆိုသကဲ့သို့ လူသာလျှင် ပဓာနဖြစ်ပါသည်။ လူ့စွမ်းအားဖြင့် အရာရာကို စွမ်းဆောင်နိုင်ခဲ့ကြသည်။ ကျောက်ခေတ်၊ သံခေတ်မှသည် စိုက်ပျိုးရေးခေတ်၊ စက်မှုခေတ်နှင့် ယနေ့အချိန်တွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာခေတ်၊ ဇီဝနည်းပညာခေတ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လူ့သမိုင်းတစ်လျှောက်ကြုံခဲ့ရသည့် အခက်အခဲ၊ ပြဿနာအမျိုးမျိုးအား လူသားများ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားတို့ဖြင့် ဖြတ်ကျော်ခဲ့ကြပါသည်။ ၂၁ရာစုတွင် လူသားများဖြေရှင်းရမည့် အရေးကြီးဆုံးသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်ပါသည်။ လူသားများ၏ စွမ်းအားဖြင့် ပူးပေါင်းဖြေရှင်းကြရပါမည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းဖြင့် ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းမှုများအား အချိန်မနှောင်းမီ ကုစားကြရပါမည်။ ''ယခုအချိန်သည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်''ဆိုသည့် ဆိုရိုးရှိသည့်အတိုင်း-

အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့အတွက် သစ်ပင်များစိုက်ပျိုးကြပါစို့။
အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့၏မျိုးဆက်သစ်များအတွက် သစ်ပင်စိုက်ပျိုးကြပါစို့။
အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့ကမ္ဘာမြေကြီးအတွက် သစ်ပင်စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းရေးဆွဲပြီး ချမှတ်အကောင်အထည်ဖော် ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု ဆယ်စုနှစ်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာကျဆင်း

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသောအဖွဲ့များကို တိုးမြှင့်ဖော်ထုတ်ဖမ်းဆီးခဲ့ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသော ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime) မှ တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက် အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (Drug Enforcement Administration) မှ တာဝန်ရှိသူများ၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (Australia Federal Police) မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းရှိဂျာနယ်များမှ သတင်းထောက်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံး၊ ကမ္ဘာ့နိုင်ငံအားလုံးကို ခြိမ်းခြောက်နေသော ပြဿနာရပ်ဖြစ်သည့်အတွက် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ပေးနေသည့် ကြီးမားလှစွာသော ခြိမ်းခြောက်မှုကြီး ဖြစ်နေကြောင်း၊ အန္တရာယ်ကြီးလှသည့် ခြိမ်းခြောက်မှုကြီးကို ကာကွယ်တားဆီးနိုင်ရန်အတွက် မိမိတို့တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယခုအထိမ်းအမှတ်နေ့ကို တက်ကြွလှုပ်ရှားစွာ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးနည်းတူ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့သည်မှာ ယခုနှစ် အပါအဝင် ၂၃နှစ်ရှိခဲ့ပြီ ဖြစ်ကြောင်း။

လုံးဝရှောင်ကြဉ်

ယခုနှစ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့၏ ဦးတည်ချက်ဆောင်ပုဒ်မှာ **"ကျန်းမာပျော်ရွှင် နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့"** **"THINK HEALTH not drugs"** ဆိုသော ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ဤဆောင်ပုဒ်၏ အဓိကဦးတည်ချက်မှာ အနာဂတ် သားကောင်းရတနာများအဖြစ် လူသားထုတစ်ရပ်လုံးက အမြတ်တနိုးပျိုးထောင် စောင့်ရှောက်နေရသော လူငယ်ထုသည် မူးယစ်ဆေးဝါး အန္တရာယ်ကို အများဆုံးကြုံတွေ့ခံစားရပြီး ပန်းငုံပန်းဖူးဘဝ၌ပင် ညှိုးနွမ်းပျက်သုဉ်းအောင် မူးယစ်ဆေးဝါးက ကြီးမားစွာ အန္တရာယ်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးရှိနေလျှင် လုံခြုံဘေးကင်း၊ အန္တရာယ်ရှင်းရန် မဖြစ်နိုင်တော့သည့်အတွက် မူးယစ်ဆေးကို လုံးဝရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သည့်ဘဝကို မုချရောက်ရှိမှာဖြစ်သည်ဆိုသော အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များက ပြည်သူလူထုတစ်ရပ်လုံးနှင့် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

စည်းရုံးလှုံ့ဆော်

မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ခံစားရသော နောက်ဆက်တွဲဆိုးကျိုးများ၊ အထူးသဖြင့် HIV/AIDS ကဲ့သို့ ကြောက်စရာရောဂါဆိုးများ ကျရောက်ခံစားပြီး မူးယစ်ဆေးဝါး၏ သားကောင်လူငယ်များ မရှုမလှ သေဆုံးကြရကြောင်း၊ ATS ဆိုသည့် စိတ်ကြွရူးသွပ်ဆေးဒဏ်ကြောင့် လူဖြစ်ရှုံးကြရသော ဘဝများကိုလည်း တွေ့ကြရမှာဖြစ်ကြောင်း၊ ယင်းကြောင့်လည်း ကောင်းကျိုးမပေး မူးယစ်ဆေးကို မည်သူမျှ၊ မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမျိုး မရှိရလေအောင် ပြည်သူလူထုတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ကျောင်းသားလူငယ်များကိုသော် လည်းကောင်း အသိပညာ ဖြန့်ဖြူးပေးဝေခြင်း၊ ပညာပေးစည်းရုံးခြင်းများကို အလေးထားဆောင်ရွက်ကြရန် မလွဲမသွေလိုအပ်ကြောင်း၊ ထိုသို့ ပြည်သူလူထုနှင့် လူငယ်ထုအတွင်း စည်းရုံးလှုံ့ဆော်ပညာပေးရာတွင် ထိရောက်အောင်မြင်မှု အရှိဆုံးဖြစ်သော စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် အနုပညာနယ်ပယ်မှနေ ကျယ်ပြန့်စွာ စည်းရုံးလှုံ့ဆော်နိုင်ရန် နိုင်ငံအဝန်း ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၃)ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဂုဏ်ပြုချီးမြှင့်ထိုက်သည့် ဆုရပုဂ္ဂိုလ်များအား ပြည်နယ်နှင့် တိုင်းအလိုက် ကျင်းပသော အခမ်းအနား၌ ဆုချီးမြှင့်သွားမှာဖြစ်ကြောင်း။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်၌ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အချို့ကိုလည်း အကျဉ်းချုပ်တင်ပြလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်ကစပြီး ချမှတ်ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ ပထမ ငါးနှစ် စီမံကိန်းကာလနှင့် ဒုတိယ ငါးနှစ် စီမံကိန်းကာလများ၏ အောင်မြင်မှုအပေါ် အခြေခံ၍ တတိယ ငါးနှစ် စီမံကိန်းကာလအတွင်း လုပ်ငန်းအဖွဲ့များအလိုက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ဘိန်းနှင့် ဘိန်းဖြူ ထုတ်လုပ်မှု ယခင် ဆယ်စုနှစ်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ လျော့နည်းကျဆင်းခဲ့ပြီဖြစ်ကြောင်း။

ဖော်ထုတ်ဖမ်းဆီး

ယင်းသို့ ကျဆင်းသည်ဆိုခြင်းကိုလည်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) က ထုတ်ပြန်သော ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာ (World Drug Report) ၌ ဖော်ပြထားကြောင်း၊ ယင်းကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာ ကျဆင်းသွားသော်လည်း ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုများနှင့် မသက်ဆိုင်ဘဲ ဓာတုပစ္စည်းများကို အခြေခံပြီး သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်သည့် ATS ၊ ICE ၊ Ecstasy စသော ခေတ်ပေါ် စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်ရောင်းချဖြန့်ဖြူးမှုရှိလာသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ်အတွင်းက စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် ကိရိယာများနှင့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံအတွင်း အများအပြား ဖမ်းဆီးရမိနိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဖွဲ့များနှင့် သတင်း အပြန်အလှန်ဖလှယ်ခဲ့ကြပြီး ပြည်တွင်းပြည်ပ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေသော အဖွဲ့များကို တိုးမြှင့်ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်း၌ ဆာဖရိုးလ်ကြွယ်ဝဆီဟုခေါ်သည့် ပစ္စည်းတစ်မျိုးကို ထိန်းချုပ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် အစပျိုးဓာတုပစ္စည်းအဖြစ် လမ်းလွဲအသုံးပြုမှု မဖြစ်အောင် တားဆီးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါး သုံးစွဲမှု လျော့နည်းပပျောက်ရေးအတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးနှင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကိုလည်း လုပ်ငန်းအဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

သုံးစွဲမှု လျော့နည်းပပျောက်ရေးနှင့် ဆက်နွယ်သည့် မူးယစ်ဆေးဝါး အကြောအတွင်း ထိုးသွင်းသူများက တစ်ဆင့် HIV/AIDS ရောဂါ ကူးစက်မှုအန္တရာယ် လျော့နည်းပပျောက်ရေးကိုလည်း နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို မိမိတို့ တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို သိရှိနားလည်ထားသည်နှင့်အညီ ဒေသတွင်း၊ ဒေသခွဲအတွင်း နားလည်မှုစာချွန်လွှာ (MoU)၊ နှစ်နိုင်ငံသဘောတူညီချက်၊ အိမ်နီးချင်းနိုင်ငံများနှင့် Bilateral Agreement များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း။

တက်ကြွစွာဖော်ဆောင်

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်ဒေသ (၆)နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ၁၉၉၅ခုနှစ်မှစ၍ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)က နည်းပညာအကူအညီဖြင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဒေသတွင်း စီမံချက်ကို တက်ကြွစွာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၄င်းအပြင် ASEAN အဖွဲ့ဝင်ဖြစ်လာပြီးနောက် ASEAN နိုင်ငံများနှင့်လည်း ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးတွဲ၍ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှုကို ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်းတိုင်းတာရန် နားလည်မှုစာချွန်လွှာအရ ဂြိုဟ်တုဓာတ်ပုံနှင့် မြေပြင်တိုင်းတာမှုများကို ဆောင်ရွက်ခဲ့ပြီး တွေ့ရှိခဲ့သည့် ဘိန်းခင်းများကိုလည်း တားဆီးနှိမ်နင်းရေးအဖွဲ့များအား သတင်းချပြ ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များအပေါ် အခြေခံ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကုလသမဂ္ဂ၏ ၂၀၁၀ခုနှစ် ဆောင်ပုဒ်ဖြစ်သော **"ကျန်းမာပျော်ရွှင် နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့"** **"THINK HEALTH not drugs"** ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံး၏ဘဝ၊ ပတ်ဝန်းကျင်တစ်ခုလုံး ကျန်းမာပျော်ရွှင်စွာ နေနိုင်ရေးအတွက် မူးယစ်ဆေးဝါး၏ အန္တရာယ်ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းတိုက်ဖျက် ကာကွယ်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီထံ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ၌ ဆုချီးမြှင့်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂ ခေတ္တဌာနေကိုယ်စားလှယ် Mr.Bhairgja Panday က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

လက်ခံ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုချီးမြှင့်ရန်အတွက် အလှူငွေများကို ပေးအပ်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime) ကိုယ်စား UNODC ရုံးမှ တာဝန်ခံ အရာရှိ ဒေါ်ခင်လှမွန်က ငွေကျပ် ၂၅သိန်း၊ ဦးဝင်းမြတ်ထွန်း (UPG)က ငွေကျပ် ၁၅သိန်း၊ ဦးအောင်သူ (Europe & Asia Commercial Company)က ငွေကျပ် ၁၀သိန်း၊ ဦးခင်အောင် (United MP Brother Company)၊ ဦးအောင်ကျော်မြင့် (စိန်နှင့်မြကုမ္ပဏီ)နှင့် ဒေါက်တာမောင်ကျော် (Substance Abuse Research Association) တို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသော ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

အောင်ပွဲရ မြန်မာ့လက်ရွေးစ...

ရန်ကုန် ဇွန် ၂၆

၂၀၁၀ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် Mercedes Trophy Junior Golf Masters, Pattaya ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဂုဏ်ထူးဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမင်းသိန်း၊ ဦးအောင်ကြည်နှင့် ဦးဇော်မင်း၊ အဖွဲ့ချုပ်လက်ရွေးစင် နည်းပြချုပ်များ

မှတ်သုံလေ အား...

နေပြည်တော် ဇွန် ၂၆

အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၂၆

၂၀၁၀ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် Mercedes Trophy Junior Golf Masters, Pattaya ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဂုဏ်ထူးဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမင်းသိန်း၊ ဦးအောင်ကြည်နှင့် ဦးဇော်မင်း၊ အဖွဲ့ချုပ်လက်ရွေးစင် နည်းပြချုပ်များဖြစ်ကြသော ဦးကိုကိုလေးနှင့် ဦးချမ်းဟန်၊ အမှုဆောင်များ၊ Air Bagan မှ တာဝန်ရှိသူများ၊ ဆုရအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြု

အစီအစဉ်အရ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်း အုပ်ချုပ်သူ ဦးမျိုးထွန်းက Mercedes Trophy Junior Golf Masters Final ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမျိုးသား အသက် (၂၁)နှစ်အောက် ပြိုင်ပွဲ Mercedes Trophy Junior Golf Masters Championship တွင် ချန်ပီယံပထမဆုရရှိသူ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအားကစားသမား နေဗလဝင်းမြင့်အား အမေရိကန်ဒေါ်လာ ၃၀၀၀တန်ဖိုးနှင့် ညီမျှသော ဂေါက်သီးရိုက်ပစ္စည်းတစ်စုံနှင့် 27th Men & 19th Ladies Amateur Open Golf Championship 2010ပြိုင်ပွဲနှင့် Mercedes Trophy Junior Golf Masters, Pattaya ပြိုင်ပွဲတွင် ချန်ပီယံပထမဆုရရှိသူ မြန်မာ့လက်ရွေးစင်လူငယ်ဂေါက်သီးအားကစားမယ် မယဉ်မေမျိုးအား အမေရိကန် ဒေါ်လာ ၅၀၀၀နှင့်ညီမျှသော ဂေါက်သီးရိုက်ပစ္စည်းတစ်စုံတို့ကို ပေးအပ်ချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် မြန်မာ့လက်ရွေးစင် လူငယ် ဂေါက်သီးအားကစားမယ် မယဉ်မေမျိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Company)က ငွေကျပ် ၁၀သိန်း၊ ဦးခင်အောင် (United MP Brother Company)၊ ဦးအောင်ကျော်မြင့် (စိန်နှင့်မြကုမ္ပဏီ)နှင့် ဒေါက်တာမောင်ကျော် (Substance Abuse Research Association) တို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသော ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားမျှော်လင့်ချက် တောင်ကိုရီးယားအဆုံးသတ် ဥရုဂွေးတို့ ကွာတားဖိုင်နယ်သို့ တစ်ဂိုးအသာဖြင့်တက်

မြင့်မောင်စိုး-စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၆

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်းရှုံးထွက်အဆင့် ပြိုင်ပွဲများကို ဇွန် ၂၆ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးအသင်းက တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ယှဉ်ပြိုင်ကစား

ဥရုဂွေးနှင့် တောင်ကိုရီးယားအသင်းတို့သည် မင်ဒဲလားဘေးကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ ဥရုဂွေးအသင်းက အပြာရောင်အင်္ကျီဝတ်ဆင်ကစားပြီး တောင်ကိုရီးယားအသင်းက အဖြူရောင်အင်္ကျီ ဝတ်ဆင်ကစားခဲ့ခြင်းဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂျာမနီဒိုင်လူကြီး ဝူဂန်စတက်ခ်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် အုပ်စု(ခ)မှ အုပ်စုဒုတိယဖြင့် တက်လာသော အသင်းဖြစ်သည်။ ဥရုဂွေးအသင်းမှာမူ အုပ်စု(က)မှ အုပ်စုပထမဖြင့် တက်လာသော အသင်းဖြစ်သည်။

တစ်ဂိုးနစ်နာ

အာရှသား တောင်ကိုရီးယားအသင်းသည် ပွဲစသည်နှင့် ဥရုဂွေး နောက်တန်းကို စတင်ထိုးဖောက်သည်။ ပွဲစပြီး ငါးမိနစ်အကြာ တောင်ကိုရီးယားကစားသမား ချူရန်းက ဥရုဂွေးပယ်နယ်တီဧရိယာအစပ်မှ တည်ကန်ရာ ဂိုးတိုင်ထိပြီး ဘေးထွက်သွားသဖြင့် တောင်ကိုရီးယားတို့ တစ်ဂိုးနစ်နာသွားသည်။

အဖွင့်ဂိုးရ

ယင်းနောက် သုံးမိနစ်အကြာ ဥရုဂွေးတို့ လျှပ်တစ်ပြက် တိုက်စစ်ဆင်လာရာ ဒီဂိုဖော်လန်က ဘယ်တောင်ပံမှ တောင်ကိုရီးယားနောက်တန်းလူနှစ်ယောက်ကို လိမ်ခေါက်ပြီး တောင်ကိုရီးယားဂိုးဧရိယာအတွင်း မြေလိမ့်ဘော လိမ့်ကန်ပေးလိုက်ရာ ညာတောင်ပံတွင် အသင့်ရှိနေသော ဥရုဂွေးကစားသမား ဆွာရက်ဇ်က ပြေးပိတ်ကန်သွင်းလိုက်သဖြင့် ဥရုဂွေးတို့ အဖွင့်ဂိုး စတင်ရခဲ့သည်။

တောင်ကိုရီးယားတိုက်စစ်မှူးများ ချေပဂိုးသွင်းနိုင်ရေး ပထမပိုင်းတစ်ချိန်လုံး ဥရုဂွေးနောက်တန်းကို စိုးမိုးထိုးဖောက်ကစားခဲ့သည်။ သို့သော် ဥရုဂွေးခံစစ်မှူးများက တံတိုင်းသဖွယ် ကာကွယ်ကစားခဲ့သဖြင့် တောင်ကိုရီးယားတိုက်စစ်မှူးများ ဂိုးပေါက်ရှာမရဖြစ်ခဲ့ရသည်။

ဒုတိယပိုင်း

တောင်ကိုရီးယားတို့ ဒုတိယပိုင်းတွင်လည်း ချေပဂိုးသွင်းနိုင်ရေး ဥရုဂွေးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် ထိုးဖောက်ကစားခဲ့သည်။ ပွဲချိန် ၆၈မိနစ်တွင် ဆန်ယန်ကီ၏တည်ကန်ဘောမှတစ်ဆင့် ချွန်ယောင်လီက တောင်ကိုရီးယားအသင်းအတွက် ခေါင်းတိုက်ချေပဂိုး သွင်းယူခဲ့သည်။

တောင်ကိုရီးယားကစားသမား ချွန်ယောင်လီက ဥရုဂွေးနောက်တန်းကစားသမားနှစ်ဦးနှင့် ဂိုးသမားကိုကျော်၍ ဤသို့ ခေါင်းတိုက်ချေပဂိုး သွင်းယူခဲ့ပါသော်လည်း....။ (အင်တာနက်ဓာတ်ပုံ)

ဥရုဂွေးတို့ အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်အပြည့်အဝဖြင့် တန်ပြန်တိုက်စစ်ဆင်လာပြန်ရာ ပွဲချိန်မိနစ် ၈၀တွင် ပီရီယာက တောင်ကိုရီးယားဂိုးဧရိယာအတွင်း ဖြတ်ပို့ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဆွာရက်ဇ်က ဥရုဂွေးအသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဥရုဂွေးအသင်းသည် ယခုပွဲ အနိုင်ရလိုက်သဖြင့် ၁၉၇၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

အာကာဟိန်း-စုစည်းသည်

အကောင်းဆုံးခြေစွမ်းရှိကြောင်း စီရိုနယ်ဒိုပြောကြား

ဘရာဇီးနှင့် ပေါ်တူဂီတို့ပွဲ၌ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီးနောက် မိမိတို့အသင်းသည် ယခုနှစ်ကမ္ဘာ့ဖလား၌ အကောင်းဆုံးခြေစွမ်း ရှိနေပြီဖြစ်ကြောင်း စီရိုနယ်ဒိုက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇွန် ၂၆ရက်၌ ပြောကြားသည်။

မြောက်ကိုရီးယားကို ဂိုးပြတ်မသွင်းနိုင်ခဲ့ဟု ဒရော့ဘာပြောကြား

မြောက်ကိုရီးယားအပေါ် ဂိုးပြတ်သွင်းယူနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း မိမိအသုံးမချနိုင်ခဲ့ကြောင်း၊ မိမိတို့ အားနည်းမှုရှိခဲ့ခြင်းသာဖြစ်ကြောင်း၊ သို့သော် အနိုင်ရရှိခဲ့သဖြင့် ကျေနပ်ကြောင်း အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာက ဇွန် ၂၆ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အိုင်ဗရီကို့စ်နည်းပြအဖြစ်မှ အဲရစ်ဆင် နုတ်ထွက်မည်

အိုင်ဗရီကို့စ်အသင်းအား အုပ်စုမှတက်ရန် မစွမ်းဆောင်နိုင်ဟု ခံယူထားသည့် နည်းပြအဲရစ်ဆင်သည် ယခုရက်ပိုင်းအတွင်း နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ ရက်အတိအကျကို အိုင်ဗရီကို့စ်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ဇွန် ၂၆ရက်က ပြောကြားသည်။

အမေရိကန်အသင်းကို သမ္မတအိုဘားမားချီးကျူး

၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်သွားသည့် အမေရိကန်အသင်းကို အမေရိကန်သမ္မတအိုဘားမားက ချီးကျူးလိုက်ပြီး အောင်မြင်မှုအတွက် ကျေနပ်ပါကြောင်း ဇွန် ၂၆ရက်၌ ထုတ်ဖော်ပြောကြားသည်။

တောင်အာဖရိက ကမ္ဘာ့ဖလားပွဲ အဆင့်အတန်းမြင့်ဟု ဗီဖာပြောကြား

၂၀၁၀ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် ကျင်းပခဲ့သော တောင်အာဖရိကနိုင်ငံ၏ ကြိုးစားမှုများသည် ချီးကျူးထိုက်ပြီး ပွဲစဉ်တိုင်း အဆင့်အတန်းမြင့်မြင့် ယှဉ်ပြိုင်နိုင်လျက်ရှိကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ ဇွန် ၂၆ရက်၌ ပြောကြားသည်။

၂၀၁၀ကမ္ဘာ့ဖလားမှာ မိမိတို့အတွက်ဟု ဗီလာပြောကြား

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ချီလီနှင့် ယှဉ်ပြိုင်ကစားခဲ့သောပွဲ၌ စပိန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ရာ အဖွင့်ဂိုးသွင်းယူခဲ့သည့် စပိန်တိုက်စစ်မှူး ဗီလာက ယခုကမ္ဘာ့ဖလားမှာ မိမိတို့အသင်းအတွက်ဖြစ်ကြောင်း ပွဲအပြီး သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ချီလီနှင့်ပွဲ၌ တောရက်စ် ဒူးဒဏ်ရာရရှိခဲ့

ချီလီနှင့်စပိန်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်၌ ချီလီကွင်းလယ်ကစားသမား ဗီဒယ်နှင့် တိုက်မိခဲ့ရာ တောရက်စ် ဒူးဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော် ရှုံးထွက်ပွဲစဉ်၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း စပိန်အသင်းတာဝန်ရှိသူများက ပြောကြားသည်။

စိတ်တိုင်းကျ မကစားရသေးကြောင်း မက်ဆီပြောကြား

မိမိတို့ အာဂျင်တီးနားအသင်း အုပ်စုမှ ရှုံးထွက်အဆင့်သို့ ရှုံးပွဲမရှိတက်ရောက်ခဲ့သော်လည်း မိမိသည် စိတ်တိုင်းကျတစ်ပွဲမျှ မကစားရသေးကြောင်း၊ ဂိုးမသွင်းနိုင်သဖြင့် စိတ်ပျက်နေရကြောင်း အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇွန် ၂၆ရက်၌ ပြောကြားသည်။

စိတ်ဓာတ်မြင့်မြင့်ထားရမည်ဟု ဟွန်ဒါပြောကြား

ရှုံးထွက်ပွဲစဉ်တွင် ပါရာဂွေးနှင့် ယှဉ်ပြိုင်ရသောပွဲ၌ မိမိတို့အသင်း၏ စိတ်ဓာတ်မြင့်မြင့်ထားပြီး အစွမ်းကုန်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ဂျပန်အသင်း၏ အဓိက ကစားသမား ဟွန်ဒါက ဇွန် ၂၆ရက်၌ ပြောကြားသည်။

(အင်တာနက်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းတာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွဲကွဲ၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ မွန်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(တပ်ကုန်း)တွင် ၀ ဒသမ ၁၂ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၀၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၇၂ လက်မနှင့် သံတောင်ကြီးမြို့တွင် ၂ ဒသမ ၆၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၅နာရီခွဲ တိုင်းတာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၇ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွဲကွဲ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆောက်သမ်းမြန်မာထိပ်ဆုံးရောက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၆

၂၀၁၀MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဆောက်သမ်းမြန်မာအသင်းက မနောမြေအသင်းကို အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ဇွဲကပင်ယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းပြီး အနိုင်ရရှိသွားကြပါတယ်။

သုဝဏ္ဏကွင်း

ဆောက်သမ်းမြန်မာ - သုံးဂိုး
မနောမြေ - တစ်ဂိုး

အခုပွဲအနိုင်ရရင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်မှာဖြစ်လို့ ဆောက်သမ်းမြန်မာအသင်း ကြိုးစားကစားခဲ့ပါတယ်။ ပွဲစကတည်းက ခြေအသာနဲ့ ဆောက်သမ်းမြန်မာတို့ ဖိကစားနိုင်ခဲ့ပေမယ့် ရှေ့တန်းမှာ အချိတ်အဆက်လွဲနေတာ၊ အဆုံးသတ် ဂိုးသွင်းအားနည်းနေတာကြောင့် ပထမပိုင်းပြီးခါနီးမှ ဂိုးစရခဲ့ပါတယ်။ မနောမြေအသင်းတို့ အနိုင်ရခဲ့တဲ့ ဆောက်သမ်းမြန်မာအသင်းကတော့ ပွဲစဉ်(၂) မပြီးဆုံးသေးပေမယ့် နှစ်ပွဲကစား နှစ်ပွဲနိုင်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ကန်သွင်းယူ

ပြည့်ဖြိုးအောင်(ဂိုး)၊ ဝေလင်း၊ ဗညာဦးတို့ဦးဆောင်လာတဲ့ ဆောက်သမ်းအသင်းဟာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပါတယ်။ ကိုးမိနစ်မှာ ရဲအောင်ရဲ့ကန်ချက် ဘားထိထွက်ခဲ့သလို ရန်နိုင်ထွေး၊ ရဲအောင်နဲ့ ဝေလင်းတို့ရဲ့ အပိုင်ကန်ခွင့်တွေကလည်း ဂိုးမဖြစ်ခဲ့ပါဘူး။ ၄၄မိနစ်မှာတော့ ဆောက်သမ်း ဂိုးစရခဲ့ပြီး ရန်နိုင်ထွေးက လွတ်လွတ်ကျွတ်ကျွတ် ဆွဲပြေးပြီး ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ဒုတိယပိုင်းမှာလည်း ဆောက်သမ်းတို့ အနိုင်သေချာဖို့အတွက် တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၅၉မိနစ်မှာ ဆောက်သမ်းမြန်မာ ဒုတိယဂိုးရခဲ့ပြီး ကျော်ဇင်ဝင်းက သွင်းယူခဲ့တာဖြစ်ပါတယ်။ ဆောက်သမ်းအတွက် တတိယဂိုးကို ၇၅မိနစ်မှာ ရန်နိုင်ထွေးက သွင်းယူခဲ့ပြီး မနောမြေအတွက် ချေပဂိုးကို ၈၆မိနစ်မှာ အောင်ဇော်လင်းက သွင်းယူခဲ့ပါတယ်။

အောင်ဆန်းကွင်း

ရန်ကုန်ယူနိုက်တက် - ခြောက်ဂိုး
ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး

ပထမပွဲမှာ သရေကျထားတဲ့ ရန်ကုန်ယူနိုက်တက် အသင်းဟာ အနိုင်ရဖို့ ကြိုးစားခဲ့ရာ ပထမပိုင်းမှာ နှစ်ဂိုးစီ သရေကျနေခဲ့ပြီး ဒုတိယပိုင်းမှာ ကစားပုံ ပိုမိုကောင်းမွန်ခဲ့ကာ လေးဂိုးထပ်မံသွင်းယူ အနိုင်ရရှိခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်ဟာ ဂိုးဒါဇင်ဝက်သွင်းခဲ့ပြီး ပြတ်ပြတ်သားသား အနိုင်စတင်ရရှိခဲ့ပါတယ်။ ဇွဲကပင်ယူနိုက်တက်ကတော့ ပထမပိုင်းမှာ အပြန်အလှန်ကစားနိုင်ခဲ့ရာ ဂိုးတွေရရှိခဲ့ပေမယ့် ဒုတိယပိုင်းတစ်ဝက်လောက်မှာ ကစားအားကျသွားခဲ့၍ ဆက်တိုက်ဆိုသလို ဂိုးများပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ပါတယ်။ ။ (မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ - ဒယ်လ်တာယူနိုက်တက်

ဆောက်သမ်းမြန်မာအသင်းမှ ရန်နိုင်ထွေး၏ ထိုးဖောက်ဂိုးသွင်းမှုကို မနောမြေဂိုးသမား သိန်းဇော်ထိုက် ကာကွယ်စဉ်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇွန် ၂၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၃ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၃ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၁၆၈ဦး၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၆ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄၂ဦးနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၆၀တို့အတွက် ပညာသင် ထောက်ပံ့ကြေးများကို ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ကိုယ်စား လေးဘာသာ ဂုဏ်ထူးရှင် မကြည်သန့်စင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့

ယခုအခမ်းအနားတွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၃ဦးအပါအဝင် ကျောင်းသား ကျောင်းသူ ၇၈၆ဦးတို့အတွက် ထောက်ပံ့ ချီးမြှင့်ငွေစုစုပေါင်းမှာ ငွေကျပ် ၇၅၇၂၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်၌ ကျောင်းဝတ်စုံများပေးအပ်

လပွတ္တာ ဇွန် ၂၆

လပွတ္တာခရိုင် လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာအုပ်စု ၂၀၁၀-၂၀၁၁ပညာသင်နှစ်တွင် စလူဆိပ်ကျေးရွာအတွင်း နွမ်းပါးသည့်ကလေးများအတွက် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို မေ၁၈ရက်က စလူဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ဆိုင်ကလုန်းရှပ်တာ ခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လပွတ္တာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်ခိုင်ဦးနှင့် လပွတ္တာခရိုင် (၃)မိုင်မြို့သစ် မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျာဦးသိန်းနိုင်တို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လပွတ္တာခရိုင် (၃)မိုင်မြို့သစ် မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျာဦးသိန်းနိုင်က စလူဆိပ်ကျေးရွာ မူလတန်းရှိ ချို့တဲ့သော ကျောင်းသား ကျောင်းသူလေးများအတွက် တန်ဖိုးငွေကျပ်၁၀၂၂၈၀၀ရှိ ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာ၊ လွယ်အိတ်နှင့် ကျောင်းဝတ်စုံများကို ကျောင်းအုပ် ဆရာကြီး ဦးနေမျိုးနိုင်အား ပေးအပ်လှူဒါန်းပြီး **(အပေါ်ဝဲပုံ)** ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ထပ်မံအသုံးပြုနိုင်သည့်အိတ်များ ဆက်လက်ရောင်းချ

ရန်ကုန် ဇွန် ၂၆

City Mart Supermarket ၏ Helping Our Earth Stay Healthy ဒို့ကမ္ဘာမြေ ကျန်းမာဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ အစီအစဉ်ကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၁ရက်မှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် အထိ အကောင်အထည်ဖော်ခဲ့ပြီး ယင်းအစီအစဉ်မှ ရောင်းရသော Recycle Bag အိတ်ပေါင်း ၂၁၈၉၇ အိတ်ရောင်းရငွေ၏ ၅၀ရာခိုင်နှုန်း ငွေကျပ် ၇၆၆၃၉၅၀ ကို မင်္ဂလာမြန်မာအဖွဲ့သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရောင်းချလျက်ရှိ

ထို့အပြင် ဆွေးမြည့်လွယ်သော Plastic အိတ်အမျိုးအစား (LDPE)ကို City Mart Supermarket မန္တလေး ဆိုင်ခွဲတွင် ၂၀၀၉ ခုနှစ် ဇူလိုင်လမှစ၍ လည်းကောင်း၊ နေပြည်တော်ရှိ Ocean Supercenter တွင်၂၀၀၉ခုနှစ် နိုဝင်ဘာလမှစ၍ လည်းကောင်း ပြောင်းလဲ အသုံးပြုခဲ့ပြီး လက်ရှိတွင် ရန်ကုန်ဆိုင်ခွဲများ အားလုံး၌ ဆွေးမြည့်လွယ်သော Plastic အိတ်များ ပြောင်းလဲ အသုံးပြုလျက်ရှိကြောင်း၊ ၂၀၁၀ ခုနှစ်အတွက် City Mart Supermarket များတွင် ရောင်းချလျက်ရှိသော ငွေကျပ် ၅၀၀၊ ငွေကျပ် ၇၀၀ နှင့် ငွေကျပ် ၁၀၀၀ တန် Recycle Bag များကို ဇွန် ၁၂ ရက်မှ ဒီဇင်ဘာ ၁၂ရက် အထိ ထပ်မံ ရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းရငွေမှ ၅၀ ရာခိုင်နှုန်းကို မင်္ဂလာမြန်မာအဖွဲ့က ဆောင်ရွက်နေသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2010

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

ဖတ်ကြား

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် အရှေ့တိုင်းပညာဌာနမှူး (အငြိမ်းစား) ပါမောက္ခ ဒေါက်တာ ဒေါ်ခင်သိန်းက ဆောင်ရွက်ပြီး စာတမ်းရှင်များဖြစ်ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာ လဲ့လဲ့အောင် **(အပေါ်ပုံ)**က **မြန်မာအမျိုးသမီး အနုပညာရှင်များ၏ နိုင်ငံဂုဏ်ပြုစွမ်းဆောင်မှုများ** စာတမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်အေးကြည်က **သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေး အမျိုးသမီးများ ဝိုင်းဝန်းကူညီပေး** စာတမ်းနှင့် ဥပဒေရေးရာ လေ့လာအကြံပြုရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါက်တာ ဒေါ်သန်းနွဲ့က **မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားရေးဆိုင်ရာ အခွင့်အရေး** စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည် ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရွှေရတုအထူးထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇွန် ၂၆

မောင်မောင်သိုက်၏ ပန်းချီလက်ရာနှင့်အတူ မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ မောင်ပေါမာ၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ညွှန့်ဝေ(ကသာ)၊ မောင်ယဉ်မှူး၊ သူရဇော်၊ မောင်ကြင်နွယ်၊ မြေလတ်မောင်မြင့်သူ၊ မင်းရွှေမင်း(အင်းစိန်)၊ မင်းချမ်းမွန်၊ မောင်နီဝင်း(ပခုက္ကူ)၊ သိပ္ပံစိုးမြင့်နိုင်၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ တက္ကသိုလ် စိုးယဉ်၊ ဟသ်ာတမောင်မျိုးသက်၊ တောသားကြီးလူနိုင်၊ ပုဏ္ဏဝတီတင့်နှောင်းတို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ သူရမိုး၊ လွမ်းမောင်(သုဝဏ္ဏ)၊ ကျောက်ဆူးတို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မကြန်၊ မင်းယုဝေ၊ ချစ်ဦးညို၊ မောင်ခင်မင်(ဓနုဖြူ)၊ ရေနံမြေမောင်မောင်ကြည်၊ ရွှေမြိတ်သောင်းတင်၊ ထွန်းလပြည့်သစ်၊ မနုဿကျော်ဝင်း၊ တက္ကသိုလ်လှကြွယ်၊ နိုင်ဇော်၊ ဂွမ်းဖြူဇင်၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)၊ ဌေးမောင်၊ လှဘုန်းအောင်၊ ကိုခန့်(သုတေသန)၊ တက္ကသိုလ်တင်ခ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မုဒုံ-သုမွန်၊ ဒေါက်တာခင်ရီဝင်း၊ ဗိုလ်ကလေးတင့်အောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ လှိုင်သန်းတင့်-ရွှေပန်းချီ-(ရမည်းသင်း)၊ ညောင်ဦးဖိုးချို၊ နန္ဒာမိုးကြယ်၊ ဦးကြည်ရွှေ၊ ရဲမာန်ခ၊ မြင့်ဆွေ(မျက်စိအတု)၊ တင်အောင်(စက်မှုတက္ကသိုလ်)၊ သက်နှင်းအောင်၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ စာပေရေးရာနှင့် သုတရသ ဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ငွေတာရီ၊ မစန္ဒာ၊ ကြူကြူသင်း၊ လယ်တွင်းသားစောချစ်၊ ရင်မောင်(မြတ်စုရင်)၊ စစ်မင်း(တောင်တွင်း)၊ တင်သန်းဦး၊ သောင်းဝေဦး၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြင့်ဝင်းနီတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များက စာဖတ်ပရိသတ်၏ ရင်ဝယ်စွဲငြိစေမည့်အပြင် မင်းတင်သိန်း(ပွင့်လျက်)၊ ကောက်ရိုးနွယ်(ရွှေကူ)၊ မြေလတ် မောင်ချစ်ဖူးတို့၏ မြန်မာ့ရိုးရာဟာသများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေသားလမ်းဖောက်လုပ်

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းလုပ်ငန်း ဖြစ်သော မုတ္တမ-သဲဖြူကုန်းနှင့် မုတ္တမကျွဲခြံကျေးရွာချင်းဆက်လမ်းကို အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်လျက် စက်ယန္တရားဖြင့် မြေသားလမ်း ဖောက်လုပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူများ စိတ်ဝင်တစား လေ့လာနေကြသည့်
မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပစ္စည်းများပြပွဲ

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၆

ယခုအခါ လူမှုဘဝ နေထိုင်မှုပုံစံများ ပြောင်းလဲလာသည်။ အိမ်သုံးပစ္စည်းများ ခေတ်မီဆန်းသစ်လာသကဲ့သို့ အသုံးပြုလိုသော ပစ္စည်းများကို အသိပေးတင်ပြမှု ပုံသဏ္ဌာန်များလည်း အသွင်ဆန်းလာသည်။

လူတို့၏ အသုံးအဆောင်ပစ္စည်းများကို အသွင်အပြင် ဆန်းသစ်စွာ ပြသထားသည့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ **"မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာ ပစ္စည်းများပြပွဲ"**သို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။

"ပြည်သူတွေ နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်များ သက်သာစွာနဲ့ စီးနင်းနိုင်ကြစေဖို့ ဖြစ်ပါတယ်"
ဦးစိုင်းမျိုးဝင်း

ခင်းကျင်းထား

ပြပွဲခန်းမအတွင်း ဝင်လိုက်သည်နှင့် မီးရောင်စုံများဖြင့် ခင်းကျင်းထားသော ပြခန်းများကို တွေ့ရသည်။ ရုံးပိတ်ရက်၊ အားလပ်ရက်ဖြစ်သဖြင့် ပြပွဲသို့လာရောက်

ပြိုင်ပွဲအတွင်း မော်တော်ယာဉ်များကို စိတ်ဝင်စားစွာ လေ့လာနေကြသည့် ပြည်သူများက ဤသို့....။

လေ့လာသည့် ပြည်သူများ စည်ကားလျက်ရှိနေသည်။ အီလက်ထရွန်နစ်ပစ္စည်းပြခန်း၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများပြခန်း၊ ပရိဘောဂပစ္စည်းများပြခန်း၊ မော်တော်ယာဉ်ပြခန်း စသည်ဖြင့် ပြခန်းပေါင်း ၁၃၃ခန်း ခင်းကျင်းပြသထားသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်ကို တွေ့ရသည်။

ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ် ပြပွဲလာပြည်သူများ စည်ကားစွာ လေ့လာနေသော ပြခန်းကို လေ့လာကြည့်ရာ **"ရှမ္မာမော်တော်ယာဉ်ပြခန်း"** ဖြစ်နေသည်။ ခေတ်မီလှပသော မော်တော်ယာဉ်များကို ပြသထားသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ ပြခန်းအတွင်း မော်တော်ယာဉ်များ ပြသထားမှုကို လေ့လာပြီး တာဝန်ရှိသူတစ်ဦးဖြစ်သူ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမျိုးဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ပြည်သူတွေအနေနဲ့ နိုင်ငံတကာ စံချိန်မီ အရည်အသွေးရှိတဲ့ မော်တော်ယာဉ်တွေကို ဈေးနှုန်းသက်သာစွာ မောင်းနှင်စီးနင်း သွားလာနိုင်ကြဖို့အတွက် အခုလို မိတ်ဆက်ပြသထားခြင်းဖြစ်ပါတယ်။ ဒီပြခန်းမှာ ပြသထားတဲ့ မော်တော်ယာဉ် အမျိုးအစားကတော့ သုံးမျိုးဖြစ်ပြီး အဲဒီ အမျိုးအစားတွေကတော့ Royal Chariot၊ Super Chariot နဲ့ Limited Chariot တို့ ဖြစ်ပါတယ်။ လူခုနစ်ဦး စီးနင်းနိုင်တဲ့ မော်တော်ယာဉ်တွေ ဖြစ်ပါတယ်"ဟု ၄င်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

စိတ်ဝင်စား

ပြသထားသော မော်တော်ယာဉ်များမှာ မီးခိုးရောင်ဖျော့ဖျော့ဖြစ်ရာ

ဓာတ်ငွေ့မီးဖိုများအား ဤသို့ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသထားသည်။

ပြည်သူများ အထူးစိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်ကို တွေ့ရသည်။ မော်တော်ယာဉ်အတွင်း၌လည်း ထိုင်ခုံများ၊ အသုံးအဆောင်ပစ္စည်းများကို ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးထားသဖြင့် လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းထားမှုကို တွေ့မြင်ရသည်။

"ဒီမော်တော်ယာဉ်တွေကို ပြည်ပက စက်ပစ္စည်းအစိတ်အပိုင်း ၆၅ရာခိုင်နှုန်း၊ ပြည်တွင်းစက်ပစ္စည်း ၃၅ရာခိုင်နှုန်းနဲ့ ပြုလုပ်ထားတာဖြစ်ပါတယ်။ သုံးစွဲသူတွေအတွက် တစ်နှစ်အာမခံချက်ပေးထားပြီး တစ်နှစ်အတွင်း အခမဲ့ပြုပြင်ပေးသွားမှာပါ။ ပြည်တွင်းမှာရှိတဲ့ မော်တော်ကားလမ်းတွေနဲ့ ရာသီဥတုကိုပါ တွက်ချက်ပြီး ပြည်သူတွေအကြိုက်ဖြစ်အောင် ထုတ်လုပ်ထားတာဖြစ်ပါတယ်"ဟု ဦးစိုင်းမျိုးဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

Chariot မော်တော်ယာဉ်များသည် အတွင်းပိုင်း၌ လေအေးစက်၊ အပူအအေး

ရှမ္မာမော်တော်ယာဉ်ပြခန်း၌ ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေကြစဉ်။

ရေခဲသေတ္တာနှင့် ကော်ဖီသောက်သုံး၍ရနိုင်သည့်စက်များ၊ ဘက်စုံသုံး ကင်မရာများ၊ ဒီဗွီဒီစက်များ စသည့် အသုံးအဆောင်ပစ္စည်းအမျိုးအစား ၂၀အထိ ထည့်သွင်းပေးထားသဖြင့် မော်တော်ယာဉ်စီးသွားသော်လည်း မိမိနေအိမ်ကဲ့သို့ဖြစ်နေအောင် ဖြည့်ဆည်းပေးထားသည်ကို တွေ့ရသည်။

"Chariot မော်တော်ယာဉ်တွေဟာ ဓာတ်ဆီအသုံးပြု မောင်းနှင်နိုင်သလို ဓာတ်ငွေ့ကိုလည်း ပြောင်းလဲအသုံးပြုနိုင်ပါတယ်။ ဆီစားလည်းသက်သာပြီး အင်ဂျင်ပါဝါလည်း မြင့်တာမို့ လက်တွေ့မောင်းနှင်တဲ့အခါ အဆင်ပြေမှုတွေ့ရမှာပါ။ ပြည်သူတွေ များများအသုံးပြုနိုင်ရင် မော်တော်ယာဉ်စက်ရုံတွေ တိုးချဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်တွေလည်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

စိတ်ဝင်စားဖွယ်

မော်တော်ယာဉ်များ ဝိုင်းအုံလေ့လာနေသော ပြည်သူများကို ကြည့်ရင်း နောက်ထပ်ပြခန်းများကို ဆက်လက်လေ့လာခဲ့သည်။ ရုပ်မြင်သံကြားစက်အမျိုးမျိုး၊ လက်တော့ပ်အမျိုးမျိုးကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားမှုများလည်း တွေ့ရသည်။ ထို့နောက် ဂက်စ်မီးဖိုများ ပြသထားသော Rinnai ပြခန်းကို ဝင်ရောက်လေ့လာခဲ့သည်။ ပြခန်းတွင်း၌ ဂက်စ်မီးဖိုမျိုးစုံ၊ အညော်စုပ်စက်၊ ထမင်းပေါင်းအိုး၊ ရေပူစက်၊ ရေအေးစက်များ ပြသထားသည်။ ထို့အပြင် ခရီးဆောင် ဂက်စ်မီးဖိုလေးများကိုလည်း ပြသထားသည်ကို တွေ့ရသည်။ ဂက်စ်အိုး၊ ပိုက်နှင့် ဂက်စ်မီးဖိုများကို အစုံလိုက် ဝယ်ယူပါက အိမ်အရောက် တပ်ဆင်ပေးကြောင်း သိရသည်။

မေးမြန်းဝယ်ယူ

တစ်ဖန် ပြခန်းအတွင်း လိုက်လံလေ့လာခဲ့ရာ ပရိဘောဂပစ္စည်းများ ပြခန်းတွင် အမျိုးအစား ဒီဇိုင်းစုံစွာ ပြသထားသည့် ပရိဘောဂပစ္စည်းများကို ခင်းကျင်းပြသထားရာ ပြည်သူများ စိတ်ဝင်စားစွာလေ့လာနေကြသည်ကို တွေ့ရသည်။ ထို့နောက် United Pharma ပြခန်းတွင်း ဝင်ရောက်လေ့လာကြည့်ရာ နို့မှုန့်များ၊ နိုင်ငံခြားဆေးများကို ဆေးအမျိုးအစားစုံလင်စွာဖြင့် ပြသထားသည်ကို တွေ့ရသည်။ ပြည်သူများကလည်း ဈေးနှုန်းချိုသာသဖြင့် လေ့လာမေးမြန်းဝယ်ယူနေကြသည်ကို တွေ့ရသည်။

ပြခန်းအတွင်း ဖျော်ဖြေရေးစင်မြင့်ဘက်သို့ သွားရောက်လေ့လာခဲ့သည်။ မော်ဒယ်အကများ၊ ကုန်ပစ္စည်းမိတ်ဆက်ပြသမှုများက ပြပွဲလာပရိသတ်များအား ဖျော်ဖြေပေးနေသည်ကို တွေ့ရသည်။ မြူးကြွသော ဂီတသံစဉ်များနှင့်အတူ ဖျော်ဖြေမှုများက ပြပွဲလာတို့ အကြိုက်တွေ့လျက်ရှိသည်။

နေထိုင်မှုပုံ

ထို့ကြောင့် **"မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပစ္စည်းများပြပွဲ"**ကား ပြည်သူတို့၏ ဘဝနေထိုင်မှုပုံစံ ပြောင်းလဲစေနိုင်သည့် ပစ္စည်းများချည်းပြသထားရာ သွားရောက်လေ့လာသင့်သည့် ကုန်စည်ပြပွဲတစ်ခုဖြစ်ပါကြောင်း လက်တွေ့မေးမြန်းလေ့လာရေးသား သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဟားခါး၌ လက်ဖက်စိုက် ပွဲတော်ကျင်းပ

ဟားခါး ဇွန် ၂၆

ချင်းပြည်နယ် ဟားခါးမြို့ ဌာနဆိုင်ရာလက်ဖက်ခင်းခုနစ်မိုင်၌ ဇွန်၂၃ရက် နံနက် ၈နာရီမှ မွန်းတည့်၁၂နာရီအထိ လက်ဖက်စိုက်ပျိုးရန် မြေကျင်းတူးခြင်းကို ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့် အဖွဲ့ဝင်များက ပြည်နယ်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းအင်အား ၃၅၀တို့၏ ကျင်းပေါင်း၅၀၀၀ တူးဖော်မှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါကျင်းတူးသည့် နေရာများ၌ ယနေ့ နံနက် ၇နာရီခွဲက လက်ဖက်စိုက်ပွဲတော်ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူအင်အား ၄၅၀တို့က လက်ဖက်ပင်ပေါင်း ၅၄၀၀ကိုလည်းကောင်း၊ ထောပတ်ပင် ၃၅၀၀ကိုလည်းကောင်း စိုက်ပျိုးကြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က လက်ဖက်နှင့် ထောပတ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။ (ပြည်နယ် ပြန်/ဆက်)

မြန်မာ့အလင်း ကမ္ဘာ့အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

ဆိုင်မွန်ကေဂျာနှင့် ကာဗာနီတို့အား ခေါ်ယူရန် စပါး ဆွေးနွေး

စပါးအသင်းသည် စီးရီးအေအသင်း ပါလာမိုမှ ဒိန်းမတ်ဗဟိုခံစစ်မှူး ဆိုင်မွန်ကေဂျာနှင့် ဥရုဂွေးတိုက်စစ်မှူး အက်ဒီဆင်ကာဗာနီတို့နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင် ၂၈သန်းဖြင့် စာချုပ်ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဘာရီရာအား စာချုပ်ရန် မန်ယူနှင့် စပါး စိတ်ဝင်စား

လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ပရီမီယာသို့ပြောင်းရွှေ့လိုသော မက္ကဆီကိုအသင်း ပူးမက်စ်မှ အသက် ၂၃နှစ်ရှိ မက္ကဆီကိုလက်ရွေးစင် တောင်ပံကစားသမား ပက်ဘလိုဘာရီရာအား စာချုပ်ခေါ်ယူရန် မန်ယူနှင့် စပါးအသင်းတို့ စိတ်ဝင်စားနေကြသည်။

စတုဂတ်မှ ခီဒီယာအား အာဆင်နယ် ခေါ်ယူလို

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီလက်ရွေးစင်အသင်းမှ ဒဏ်ရာကြောင့်နားခဲ့ရသူ ခရစ္စတီယန်ထရက်ချ်အစား အသင်းတွင်ပါဝင်ခွင့်ရခဲ့သူ အသက် ၂၃နှစ်ရှိ စတုဂတ် ကွင်းလယ်ကစားသမား ဆာမီခီဒီယာအား အာဆင်နယ်အသင်းက ခေါ်ယူလိုကြောင်း၊ ၄င်းအတွက် ပြောင်းရွှေ့ကြေးပေါင် ၁၃သန်း ပေးရဖွယ်ရှိကြောင်း ဖော်ပြသည်။

ပေါ်တိုမှ ဗီရီလက်စ်အား မန်ယူ စိတ်ဝင်စားနေ

ပေါ်တူဂီအသင်း ပေါ်တိုတွင် ကစားနေသော အသက် ၂၇နှစ်အရွယ်ရှိ ပေါင် ၁၂သန်းတန် ပေါ်တူဂီလက်ရွေးစင် ကွင်းလယ်ကစားသမား ရာအူးလ်မီရီလက်စ်အား မန်ယူက ခေါ်ယူရန် စိတ်ဝင်စားနေသည်။

မာရှေယာနိုအား အင်တာမီလန်က ခေါ်ယူရေးနှောင့်နှေး

လီဗာပူးအသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား မာရှေယာနိုအား ချန်ပီယံလိဂ်ချန်ပီယံ အင်တာမီလန်က ခေါ်ယူရေးမှာ နှောင့်နှေးနေကြောင်း၊ အကြောင်းမှာ ၄င်းအတွက် လီဗာပူးက တောင်းဆိုသော ပြောင်းရွှေ့ကြေးကြောင့် ဖြစ်ကြောင်း သိရသည်။

လီဗာပူးမှ ရိုင်ယန်ဘာဘယ်လ်အား အာဆင်နယ် ခေါ်ယူဖွယ်

လီဗာပူးတောင်ပံကစားသမား ရိုင်ယန်ဘာဘယ်လ်အား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းဖြင့် အာဆင်နယ်က ခေါ်ယူဖွယ်ရှိကြောင်း ဖော်ပြသည်။

ဂျိုကိုးလ်အား ခေါ်ယူနိုင်ရန် ရက်နက် ကြိုးပမ်း

စပါးနည်းပြ ဟယ်ရီရက်နက်က ၄င်းအနေဖြင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုကိုးလ်အား အာဆင်နယ်ထက်ဦးအောင် ခေါ်ယူနိုင်ရန်ကြိုးပမ်းနေကြောင်း ဝန်ခံပြောကြားခဲ့သည်။

မန်စီးတီးမှ အိုင်ယာလန်အား အဲဗာတန် စိတ်ဝင်စား

မန်စီးတီးကွင်းလယ်ကစားသမား စတီဖင်အိုင်ယာလန်အား အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ဆဲလ်တစ်မှ မက်ဂီယာဒီအား ဟာတင်အိုနေးလ် ခေါ်ယူဖွယ်

စကော့တလန်အသင်း ဆဲလ်တစ်မှ တောင်ပံကစားသမား အိုင်ဒင်မက်ဂီယာဒီအား အက်စ်တွန်ဗီလာအသင်းနည်းပြ မာတင်အိုးနေးလ်က စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း သိရသည်။

ဆီလ်ဗာအားခေါ်လျှင် ခရုစ်အလိုက်ပေးရန် ဗလင်စီယာတောင်းဆို

မန်စီးတီးအသင်းအနေဖြင့် ဗလင်စီယာကစားသမား ဒေးဗစ်ဆီလ်ဗာအား ခေါ်ယူလိုပါက မန်စီးတီးတိုက်စစ်မှူး ဆန်တာခရုဇ်အား အလိုက်ပေးရန် ဗလင်စီယာအသင်းက တောင်းဆိုထားသည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဖက်ဒဲယာ စတုတ္ထအဆင့်တက်

ဝင်ဘယ်ဒန်တင်းနစ် ချန်ပီယံဆုဖလား ခြောက်ကြိမ်ဆွတ်ခူးထားသူဖြစ်ပြီး လက်ရှိ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံလည်းဖြစ်သူ ကမ္ဘာ့အဆင့်(၁)ရှိ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယာသည် ကျင်းပလျက်ရှိသော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်တင်းနစ်သမား အာနော့ကလီးမင့်အား ၆-၂၊ ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့် ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့သည်။

ဗြိတိသျှပြေးခုန်ပစ် မီတာ ၁၀၀ ၌ ချန်ဘာ ရွှေဆွတ်ခူး

ဗြိတိန်နိုင်ငံတွင် ကျင်းပသော ဥရောပအကြိုခြေစမ်းပွဲနှင့် ဗြိတိသျှချန်ပီယံ ပြေးခုန်ပစ် မီတာ ၁၀၀ပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားသမား ဒီဝိန်းချန်ဘာသည် ၁၀ ဒသမ ၁စက္ကန့်ဖြင့် ပန်းဝင်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ။

(အင်တာနက်)

27-6 (11).pmd 1 6/27/2010, 2:04 AM

ဂျာမနီတို့ အင်္ဂလန်ဘင်ခရာသံကို တိတ်ဆိတ်နိုင်မှာတဲ့လား

မက္ကဆီကိုအတွက် နှုတ်ဆက်ခရီးဖြစ်စေမည့် မက်ဆီတို့အဖွဲ့

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၆

၂၀၁၀ကမ္ဘာ့ဖလား ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၇ရက်(ယနေ့)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ရှုံးထွက်အဆင့်ပွဲစဉ်(၃)အဖြစ် ဂျာမနီနှင့်အင်္ဂလန်၊ ပွဲစဉ်(၄)အဖြစ် အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ အကြိတ်အနယ်နွှဲကြရမည်ဖြစ်ရာ ပွဲကြီးပွဲကောင်းများပင်ဖြစ်သည်။

ဂျာမနီနှင့် အင်္ဂလန်

အုပ်စု(ဃ)တွင် ဂျာမနီတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ပေးဂိုးတစ်ဂိုး၊ ရဂိုးငါးဂိုးဖြင့် အုပ်စုပထမ ရရှိခဲ့သည်။ အင်္ဂလန်တို့က အုပ်စု(ဂ)တွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ငါးမှတ်ရရှိကာ ရဂိုးနှစ်ဂိုး၊ ပေးဂိုးတစ်ဂိုးဖြင့် အုပ်စုဒုတိယနေရာမှ တက်လာခဲ့ခြင်းဖြစ်သည်။ ဂျာမနီတို့ကစားသမားတစ်ဦးချင်းအလိုက်တွင် အင်္ဂလန်နှင့် ကွာဟမှု သိပ်မရှိချေ။ ဂျာမနီ

ဟီဂူအင် အာဂျင်တီးနားအတွက် ဘယ်လိုစွမ်းဆောင်ပေးဦးမှာလဲ....။

တိုက်စစ်မှူးများက အင်္ဂလန်တိုက်စစ်မှူးများထက် ပိုပြီးခြေစွာမှုရှိသည်က အမှန်ပင်။ ဂျာမနီတို့က ကစားအားပိုကောင်းပြီး အသင်းလိုက် စုစည်းမှုအားသာသည်။ ဂျာမနီတိုက်စစ်တွင် ပိုဒေါစကီးနှင့် မူလာတို့က အင်္ဂလန်ခံစစ်ကြောင်းကို မွှေနှောက်နိုင်သူများဖြစ်သည်။ အိုဇယ်ကလည်း အကောင်းဆုံးခြေစွမ်းရရှိနေရာ တိုက်စစ်ကို ထိထိရောက်ရောက် လိုက်ပါအားဖြည့်နိုင်သူဖြစ်သည်။ ပိုဒေါစကီးနှင့် မူလာတို့မှ လျှံထွက်လာသည့် ဘောလုံးများကို အကျိုးရှိအောင် အဆုံးသတ်ဂိုးသွင်းနိုင်သူလည်းဖြစ်သည်။ လက်ရှိခြေစွမ်းအရ ခံစစ်ပိုင်းတွင်လည်း ဂျာမနီတို့ သုံးပွဲကစားပြီးချိန်တွင် တစ်ဂိုးသာပေးထားရသည်။ ဖရီဒရစ်နှင့် လန်းတို့က ခံစစ်ကြောင်းနားလည်မှုရှိရှိဖြင့် ကာကွယ်နိုင်သည်။ ဂျာမနီတို့ကို လက်ရှိအင်္ဂလန်ကစားအားဖြင့် ယှဉ်ဖို့ သိပ်တော့မလွယ်ချေ။

ယခု ကမ္ဘာ့ဖလားပွဲ၌ အားရဖွယ်ခြေစွမ်းမျိုး အင်္ဂလန်အသင်းတွင် မတွေ့ရသေးချေ။ တိုက်စစ်ပိုင်းတွင် ထက်မြက်ထိရောက်မှု လိုအပ်နေဆဲပင်ဖြစ်သည်။ အဓိက တိုက်စစ်မှူးရွန်နေ ဂိုးပေါက်ပျောက်နေဆဲဖြစ်ပြီး အင်္ဂလန်တို့ ယခု အုပ်စုပွဲစဉ်သုံးပွဲကစားပြီးချိန်၌ သွင်းဂိုး နှစ်ဂိုးသာရှိနေရာ အင်္ဂလန် တိုက်စစ်စွမ်းအားကို ဖော်ပြနေသကဲ့သို့ပင်ဖြစ်သည်။ လက်ရှိအင်္ဂလန်တိုက်စစ်စွမ်းအားစုမှာ ဂျာမနီနှင့်

ဂျာမနီအတွက် အိုဇယ် ဂိုးသွင်းယူနိုင်ပါ့မလား....။

ကွာခြားမှုရှိနေသည်။ ဂျာမနီတိုက်စစ်က ကွင်းလယ်မှ ပံ့ပိုးမှု အားကောင်းသည်။ လွဲချော်တိမ်းစောင်းမှု မရှိသည့် ဘောလုံးပေးပို့မှုများက ဂျာမနီတိုက်စစ်မှူးများအား အဆုံးသတ်ဂိုးသွင်း သေချာစေသည်။

အင်္ဂလန်အတွက် ရွန်နေ ကြိုးစားဖို့လိုအပ်နေသေး....။

အင်္ဂလန်ကွင်းလယ်တွင် ဂျာမနီတို့ထက် အားသာမှုရှိသည်မှာ မှန်သည်။ အင်္ဂလန်တွင် ဂျရတ်နှင့် လမ်းပတ်တို့ကို စိတ်ကြိုက် သူ့နေရာနှင့်သူ လှုပ်ရှားခွင့်ရလျှင် အင်္ဂလန်တိုက်စစ် အဟုန်ပြင်းမည်မှာ သေချာသည်။ အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ဂိုးပေါက်ပြန်တွေ့လျှင် အင်္ဂလန်တို့ အခြေအနေကောင်းနိုင်သည်။ သို့သော် ဂျာမနီတို့က အင်္ဂလန်အသင်းကို မည်သို့ကစားရမည်ကို သိရှိနေပြီဖြစ်ရာ အင်္ဂလန်တို့၏ ကမ္ဘာ့ဖလား အိပ်မက် အကောင်အထည်ဖော်ရေး ခက်ခဲသွားနိုင်သည်။

အာဂျင်တီးနားနှင့် မက္ကဆီကို

ရှုံးထွက်ပွဲစဉ် (၄)အဖြစ် အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ပွဲကား အာဂျင်တီးနားတို့ ဗိုလ်စွဲနိုင်မှု ရှိ၊မရှိဆိုသည့် ခြေစွမ်းအမှန်ကို အကဲခတ်ခွင့်ရမည့်ပွဲပင်ဖြစ်သည်။ အုပ်စု(ခ)တွင် အာဂျင်တီးနားတို့က သုံးပွဲကစား သုံးပွဲစလုံးနိုင်ပြီး ကိုးမှတ်အပြည့်ရရှိကာ ရှုံးထွက်အဆင့်ကို ထိပ်ဆုံးမှ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားတို့က ယခုကမ္ဘာ့ဖလားပွဲတွင် ပေါ်တူဂီကဲ့သို့ပင် ခုနစ်ဂိုးသွင်းထားနိုင်သည်။ သို့သော် အာဂျင်တီးနားတိုက်စစ်မှူးများက ပွဲတိုင်း ဂိုးသွင်းနိုင်သူများဖြစ်သည်။ အာဂျင်တီးနားတွင် ဟီဂူအင်က ဂိုးသွင်းအား ကောင်းသည့်အပြင် တစ်ဖက်ဂိုးဧရိယာအတွင်း ပါးနပ်စွာ လှုပ်ရှားနိုင်သူဖြစ်သည်။ ထို့အတူ တီဗက်ဇ်၊ မက်ဆီတို့ကလည်း မက္ကဆီကို နောက်တန်းကို အမှားအယွင်းဖြစ်အောင် လုပ်နိုင်ကြသူများဖြစ်ကြရာ မက္ကဆီကိုတို့ အသက်ရှူမှားမတတ် ခုခံဟန့်တားရမည်မှာ သေချာသည်။ အသင်းလိုက်ကစားအား၊ ဘောလုံးသမားတစ်ဦးချင်းစွမ်းရည်၊ လျင်မြန်မှုနှင့် ပါးနပ်မှုအပိုင်းတို့တွင် မက္ကဆီကိုတို့ အာဂျင်တီးနားကို မယှဉ်နိုင်ချေ။ အာဂျင်တီးနားတို့က ပွဲချိန်ပြည့် ကစားအားမချဘဲ ကစားနိုင်သကဲ့သို့ နည်းပြ မာရာဒိုနာကလည်း ကစားအားအရှိန် ဟန်ချက်ပျက်သည်နှင့် လူစားလဲရန် လက်မနှေးတတ်သူဖြစ်ရာ အာဂျင်တီးနားတို့ မျှော်လင့်ချက်များ ပြည့်ဝသွားနိုင်သည်။

အုပ်စု(က)တွင် မက္ကဆီကိုတို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာမှ ရှုံးထွက်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုတို့က တောင်အာဖရိကကို တစ်ဂိုးစီသရေကစားခဲ့သည့် ခြေစွမ်းထက် ပြင်သစ်ကို နှစ်ဂိုးပြတ် အနိုင်ယူခဲ့သည့် စိတ်ဓာတ်နှင့် ခြေစွမ်းမှာ ပို၍အားရစရာကောင်းသည်။ မက္ကဆီကိုတို့ ကစားကွက် တည်ငြိမ်သော်လည်း ဂိုးဧရိယာအတွင်း အချိတ်အဆက် လွဲချော်နေမှုက များနေတတ်သည်။ မက္ကဆီကို တိုက်စစ်မှူးများ အဆုံးသတ်သေချာမှု ပိုပြီး အားထုတ်နိုင်လျှင် အာဂျင်တီးနားကို အကျပ်အတည်းဖြစ်စေနိုင်သည်။ သို့သော် အာဂျင်တီးနားကို မက္ကဆီကိုတို့ လက်ရှိကစားအားဖြင့် ကျော်ဖြတ်နိုင်ရန် မလွယ်ဟု ယူဆမိပါကြောင်း။ ။

ကိုးကား-အင်တာနက်

စပိန်တို့ ဂိုးကွာခြားဖြင့် အုပ်စုပထမရ

ချီလီတို့ ဒုတိယနေရာဖြင့်တစ်ဆင့်တက်

မောင်ချစ်ကြည် - ရေးသားသည်



ကိတ်ဖ်တောင်း ဇွန် ၂၆

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် ချီလီနှင့် စပိန်၊ ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်တို့ ဇွန်၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သလို ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်တို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။

ချီလီနှင့် စပိန်

အုပ်စု(ဇ)၌ ချီလီနှင့် စပိန်တို့ အုပ်စုပထမနေရာ ကြိုးစားခဲ့ကြသည်။ စပိန်တို့က တောရက်စ်၊ ဗီလာ၊ အလွန်ဆို၊ ဆာဗီ၊ အင်နီယေစတာ၊ ရာမို့စ်၊ ပူယိုးလ်စသည့် အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ ချီလီတို့ကလည်း ဂွန်ဇာလက်ဇ်၊ ဆန်ချက်ဇ်၊ အီစတာဒါနှင့် ဗီဒယ်လ်တို့ကို အဓိကအားထားကာ စပိန်ကို ရင်ဆိုင်ခဲ့သည်။

ထိုးဖောက်ကစား

စပိန်နှင့် ချီလီတို့ပွဲတွင် စပိန်အသင်းမှ ဆာဗီ (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

အဖွင့်ဂိုး

စပိန်အသင်းသည် ပွဲအစမှာပင် အပေးအယူမှန်မှန်ဖြင့် ဂိုးရရှိရေး ကြိုးစားခဲ့ပြီး ချီလီနောက်တန်းကို ကျော်ဖြတ်ထိုးဖောက်နိုင်ခဲ့သည်။ ချီလီတို့က ကွင်းလယ်မှနေ၍ စပိန်တိုက်စစ်ကို ဟန့်တားရင်းဂိုးသွင်းနိုင်ရေး အခွင့်ကောင်းစောင့်ခဲ့သည်။ ပွဲချိန် ၂၄မိနစ်၌ စပိန်တိုက်စစ်မှူး ဗီလာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယဂိုး

စပိန်တို့ အဖွင့်ဂိုးသွင်းယူသွားခဲ့သဖြင့် ချီလီတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဆန်ချက်ဇ်၊ ဂွန်ဇာလက်ဇ်တို့ ကန်ချက်များ လွဲချော်နေမှုကြောင့် ရလဒ်မပြောင်းနိုင်ခဲ့ချေ။ စပိန်တို့က ဂိုးထပ်မံသွင်းယူနိုင်ရေး ဖိကစားခဲ့ရာ ၃၇မိနစ်၌ စပိန်ကွင်းလယ်ကစားသမား အင်နီယေစတာက သွင်းယူလိုက်သဖြင့် စပိန်တို့ ဒုတိယဂိုး ရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း စပိန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ချေပဂိုး

ဒုတိယပိုင်း ပွဲချိန်၄၆မိနစ်တွင် ချီလီ၌ ဗာဒီဗီရာအစား မီလာ၊ ဂွန်ဇာလက်ဇ်အစား ပါရီဒက်စ်တို့ ဝင်ရောက်ကစားခဲ့သည်။ ပွဲချိန်၄၇မိနစ်၌ ချီလီအတွက် ချေပဂိုးကို ဗာဒီဗီရာအစား ဝင်ရောက်ကစားသည့် မီလာက သွင်းယူပေးခဲ့သည်။

အစားထိုး

စပိန်တို့ ဂိုးထပ်မံသွင်းယူရေး အလွန်ဆိုအစား မာတက်ဇ်၊ တောရက်စ်အစား ဖာဘရီဂတ်စ်တို့အစားထိုးစေခဲ့သလို ချီလီတို့ကလည်း ဆန်ချက်ဇ်အစား အော်ရီလာနာ၊ ဂွန်ဇာလက်ဇ်အစား ပါရီဒက်စ်တို့ကို ထည့်သွင်းကစားစေခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ချေ။ သို့သော် အီစတာဒါ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရပြီးနောက် ချီလီတို့ ၁၀ဦးတည်း ကစားခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်း စလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် စပိန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ရာ အမှတ်တူသော်လည်း ဂိုးကွာခြားချက်အရ အုပ်စု(ဇ)၌ စပိန်တို့ အုပ်စုပထမရခဲ့သည်။

ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်တို့ပွဲတွင် ဟွန်ဒူးရပ်စ်မှ ဆွာဇို (လယ်) ဂိုး သွင်း နိုင် ရေး ဤသို့ ကြိုးစားခဲ့သည်။

ဆွစ်ဇာလန်နှင့် ဟွန်ဒူးရပ်စ်

နှစ်သင်းစလုံး ဂုဏ်သိက္ခာအတွက် ကြိုးစားအားထုတ်ခဲ့ကြသည်။ ဟွန်ဒူးရပ်စ်က ဆွာဇို၊ ပါလာကို့စ်၊ နူနက်ဇ်တို့ကို အဓိကထားပြီးကစားခဲ့သလို ဆွစ်ဇာလန်တို့ကလည်း ဒါဒီယော့ခ်၊ အင်လာ၊ ဖာနန်ဒက်နှင့် ဘာနက်တာတို့အားကိုးဖြင့် အနိုင်ရရှိရေး ကြိုးစားခဲ့သည်။ ဟွန်ဒူးရပ်စ်အတွက် ဆွာဇို၊ နူရက်ဇ်တို့ ကန်သွင်းချက်များကို ဆွစ်ဇာလန်ဂိုးသမား ဗီနာလီယို ကာကွယ်နိုင်ခဲ့သည်။ ထို့အတူ ဆွစ်ဇာလန်မှ အင်ကူဖို၊ ဒါဒီယော့ခ်တို့ ကန်သွင်းမှုများကလည်း အပေါ်ထောင်၊ ဘေးထွက်ဖြင့် လွဲချော်ခဲ့၍ ဂိုးမရရှိခဲ့ချေ။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိသရေပွဲဖြင့်သာ အဆုံးသတ်ခဲ့သည်။ အုပ်စု(ဇ)၌ နှစ်သင်းစလုံး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ ။

(အင်တာနက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့်အဖွဲ့ ဇွန်၁၄ရက်က ညောင်လေးပင်မြို့ မြို့မဈေး မီးဘေး လုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

အထိမ်းအမှတ် ဟောပြောပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇွန် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန်၂၁ရက် နံနက်က ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်က အမှာစကားပြောကြားပြီး ကျိုင်းတုံ(မူးယစ်)အထူးအဖွဲ့ ကြီးကြပ်သူ ဒုတိယရဲမှူးသန်းထူးက မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်လှလှဌေးက မူးယစ်ဆေးဝါးဥပဒေအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး ပြည်နယ် စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာသန်းသန်းအေးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

တက်ရောက်

ဇွန် ၂၁ရက်မှ၂၂ရက်အထိ ကျိုင်းတုံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များသို့ သွားရောက်ဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူပေါင်း ၆၀၀ခန့် တက်ရောက်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

နေပြည်တော် မီးဘေးကာကွယ်

ဇေယျာသီရိ ...

ကလေးခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ကလေး ဇွန် ၂၁

စစ်ကိုင်းတိုင်း ကလေးခရိုင်၏၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ရက်က ကလေးမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဆောင်ရွက်သင့်

အခမ်းအနားတွင် မင်းကင်း၊ ကလေးဝ နှင့် ကလေးမြို့နယ်တို့မှ မြို့နယ်ဥက္ကဋ္ဌများက ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ခရိုင် စိုက်/ညှိ ကိုယ်စား ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်ညွှန့်က ယခင်နှစ် စိုက်ပျိုး ထုတ်လုပ်နိုင်မှုနှင့် ယခုနှစ်အတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ခရိုင်စီမံကိန်းဦးစီးအရာရှိ ဒေါ်အေးအေးမြတ်က ယခင်နှစ် သုံးမြို့နယ် စလုံး၏ ဂျီဒီပီအားနည်းချက်၊ အားသာချက်များ ရှင်းလင်းတင်ပြပြီးနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက တစ်ခရိုင်လုံး၏ ယခင်နှစ်စီမံကိန်းအပေါ် အားသာချက်၊ အားနည်းချက်များ ယခုနှစ် ဆက်လက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ သုံးသပ်ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း လုပ်ငန်းဆောင်ရွက်မှုကို လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ချင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဆိပ်ဖြူမြို့နယ်တွင် ကျင်းပ

ဆိပ်ဖြူ ဇွန် ၂၂

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ရက် နံနက် ၇နာရီက ဆိပ်ဖြူ-စလင်းကားလမ်း မိုင်တိုင်အမှတ် (၆၆/၃) လမ်းဘေးဝဲယာ၌ ကျင်းပသည်။

တပျော်တပါး

အဆိုပါပွဲတော်တွင် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်ပူးပေါင်းပါဝင်ကြပြီး စိုက်ပျိုးအင်အား ၅၀၀ ကျော်က တမာ ၁၀၀၀နှင့် ယူကလစ်ပင် ၄၀၀၀ စုစုပေါင်း အပင်ရေ ၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ် မိတ္ထီလာ၌ ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဇွန် ၂၃

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ မူလတန်းကြိုကျောင်းများ၊ မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်နှင့် ၂၀ရက်တို့က ဦးစီးအရာရှိ ဦးမျိုးထက်ဇော် ကြီးကြပ်၍ ကျန်းမာရေးမှူး(၂) ဦးသန်းစိုးဦးနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ မူလတန်းကြိုကျောင်းများနှင့် မူလတန်းကျောင်းများကို ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ဝဇ၆)**

မြို့နယ် သတင်း ထွေတလာ

ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ဖယ်ခုံ၌ တာဝန်ပေးအပ်

ဖယ်ခုံ ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း အမှတ်(၇) တပ်ခွဲတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ကောင်ဝုပ်ကျေးရွာ၌ ဇွန်၄ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုစုပေါင်းအင်အား၁၅ဦး တက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်ကျော်က အမှာစကားပြောကြားကာ ဒုတိယတပ်ရင်းမှူးဦးအေးသွင်ဦးကကြက်ခြေနီအခြေခံမူ(၇)ချက်နှင့် တပ်ဖွဲ့စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းသည်။ ***(မြို့နယ် ပြန်/ ဆက်)***

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမ်းမြို့နယ် ပျဉ်းတောကျေးရွာစာကြည့်တိုက်သို့ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်နှင့် ငွေလှူဒါန်း

စစ်တွေ ဇွန် ၂၂

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပျဉ်းတောကျေးရွာ ပညာအလင်းတံခါး စာကြည့်တိုက်သို့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်၊ ငွေနှင့် ပရိဘောဂ လှူဒါန်းပွဲ အခမ်းအနားကို ကျေးရွာစာကြည့်တိုက်၌ ဇွန်၁၁ရက် နံနက် ၉နာရီက ကျင်းပသည်။

ရေရှည်တည်တံ့ခိုင်မြဲရေး

အခမ်းအနားတွင်အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်က စာကြည့်တိုက်ဆောက်လုပ်မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းမြိုင်က စာဖတ်သူတိုးပွားရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေး၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်တိုးပွားရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီးနောက် စာအုပ်စာစောင်များကို စာကြည့်တိုက်မှူးထံသို့ ပေးအပ်လှူဒါန်းသည်။

ကျေးရွာစာကြည့်တိုက်စာအုပ်စာစောင် လှူဒါန်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ကျေးရွာရပ်မိရပ်ဖနှင့် အလှူရှင်များ တက်ရောက်ကြပြီး အလှူငွေကျပ် ၅၀၀၀၀၊ စာအုပ်စာစောင် ၁၅၂၉အုပ် တန်ဖိုးငွေကျပ် ၅၂၆၂၀၀ နှင့် ဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

(ပြည်နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ရပ်ညီရေး မြောက်ဦးမြို့နယ်၌ ရှင်းလင်းဆွေးနွေး

မြောက်ဦး ဇွန် ၂၂

စစ်တွေခရိုင် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးနှင့် စာ/ထောက်(၃) ဦးထွန်းမြကျော်တို့သည် အကြီးတော်မရွာ ပညာထူးမွန် စာကြည့်တိုက်၊ မောင်နုမရွာပညာအမွေစာကြည့်တိုက်၊ ဒုံကြီးရွာ ရွှေသုတ စာကြည့်တိုက်တို့သို့ မေ ၂၈ ရက်မှ ၂၉ ရက်အထိ ကွင်းဆင်းသွားရောက်၍ စံ(၅)ရပ်ညီ စာကြည့်တိုက် အင်္ဂါရပ်ပြည့်စုံရေး၊ စာဖတ်သူတိုးပွားရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေး စသည်များကို သက်ဆိုင်ရာ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

သောက်သုံးရေပေးဝေ

ပခုက္ကူမြို့နယ် အတွင်းရှိ ကျေးလက်ဒေသများ သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ချောက်ကန်အုပ်စု အနောက်ချောက်ကန် ကျေးရွာတွင် ရေပေးဝေမှု အခြေအနေကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးဦးဇော်မျိုးထွေး ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးထားရှိမှု ကြီးကြပ်စစ်ဆေး

လှည်းကူး ဇွန် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့သည် ရန်ကုန်တိုင်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး အတွက် လှည်းကူးမြို့နယ် မြို့ပတ်လမ်း လမ်းဘေးဝဲယာတွင် အရိပ်ရလေကာပင်များ၊ ရတနာတန်းဝင်အပင်များ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစစ်ဆေးသည်။**(ယာပုံ)**

စိုက်ပျိုး

လှည်းကူးမြို့နယ်တွင်မိုင်၃၀ စိမ်းလန်းစိုပြည်ရေးအတွက် မြို့ပတ်လမ်း လမ်းဘေးဝဲယာတွင် ပျိုးပင်ပေါင်း ၃၀၀၀ နှင့် တစ်အိမ်ထောင် သစ်မာအပင်၂၀၊ လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်ရွာတစ်ဧက ကျေးရွာပိုင် စိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေး အတွက် ပျိုးပင်ပေါင်း ၁၂၇၉၀၆ ပင် စိုက်ပျိုးထားသည်။ **(မြို့နယ် ပြန်/ဆက်)**



ရွှေတောင်မြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့မဈေး ပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းကို မေ၂၂ရက်က အဖွဲ့ဝန်ထမ်းများဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဟန်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်၌ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ရက် နံနက်ပိုင်းတွင် ကျိုင်းတုံတပ်နယ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တိုင်းမှူးတို့သည် ပိတောက်ပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ရေနွေးကြမ်း နေ့စဉ်သောက်သုံးပေးလျှင် သွေးကင်ဆာဖြစ်ပွားမှု ကာကွယ်နိုင်ဟုဆို

ကောင်းမြတ်သူ - ရေးသားသည်

လန်ဒန် ဇွန် ၂၆

ရေနွေးကြမ်း နေ့စဉ်သောက်သုံးပေးခြင်းဖြင့် သွေးကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်စွမ်းရှိကြောင်း အမေရိကန် သုတေသီများက လေ့လာတွေ့ရှိထားသည်။

လက်ဖက်တွင်ပါဝင်သော အဆီဓာတ်သည် သွေးကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း၊ နေ့စဉ် ရေနွေးကြမ်း များများသောက်သုံးပေးခြင်းဖြင့် သွေးကင်ဆာဖြစ်ပွားနေသူများ ရောဂါသက်သာလာစေနိုင်ကြောင်း အမေရိကန်နိုင်ငံရှိ မာယိုဆေးသုတေသနအဖွဲ့က လေ့လာတွေ့ရှိထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၂၆

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။
(သတင်းစဉ်)